# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့။ Sunday, 27 September 2026 ၁၂၃၁၄





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်မြို့ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

## ရန်ကုန်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီးတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall ဖွင့်ပွဲအခမ်းအနား ကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၆

ရန်ကုန်မြို့ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

## အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် အတွဲ(၁၀၀)ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင်

နေပြည်တော် စက်တင်ဘာ ၂၆

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ကူညီထမ်းဆောင်လျက်ရှိရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအနက် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သောနေရာများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်သားများနှင့် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကိုပါ တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသရေးအဖွဲ့ ပါရဂူကြီးများက စိတ်ရင်းစေတနာပြည့်ဝစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အောင်ပန်းမြို့ရှိ

စာမျက်နှာ ၃ ကော်လံ ၃ သို့ ○



အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်စဉ်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၅-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၇-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ**



## ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်ပိုင်းမှ စက်တင်ဘာ ၃၀ ရက်အတွင်း

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

## သဘာဝအခြေခံ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ နိုဝင်ဘာလဆန်းမှစ၍ နိုင်ငံခြားသားခရီးသွားများ စတင်ဝင်ရောက်မည်

ရန်ကုန် စက်တင်ဘာ ၂၆

တနင်္သာရီ တိုင်းဒေသကြီး မြိတ်ကျွန်းစု၏ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်း တည်ရှိသည့် သဘာဝအခြေခံ ဝါးအလယ်ကျွန်း အပန်းဖြေစခန်းသို့ နိုဝင်ဘာ ၁ ရက်မှစ၍ နိုင်ငံခြားသားခရီးသွားများ စတင်ဝင်ရောက်မည် ဖြစ်ကြောင်း ဝါးအလယ်ကျွန်း အပန်းဖြေစခန်းမှ သိရသည်။

ကုန်းနေ၊ ရေနေသတ္တဝါများ ရှင်သန်ကြွယ်ဝသည့်အပြင် အမြဲစိမ်းတော၊ ဒီရေတော၊ အပင်မျိုးစုံနှင့် ရှားပါးငှက်မျိုးစုံ ရှင်သန်ကျက်စားလျက် ပင်လယ်ပြင်၊ သောင်ပြင်တန်း၊ သန္တာကျွန်းတန်းများနှင့် ပင်လယ်လိပ်တို့၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❄



ဝါးအလယ်ကျွန်းကမ်းနီးရှိ ထုံးကျောက်ဂူများအနီး ကယက်လှော်စီး၍ အပန်းဖြေကြသူများကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**တောင်သူများဘဝ “ရေ” စိတ်ချစွာဖြင့် အယ်လ်နီညိုကာလ ကျော်ဖြတ်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၆

**ဘားအံမြို့၌ ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် ၂၀၂၆ ကျင်းပ**

စာမျက်နှာ » ၉

**လျှပ်စစ်ရေးရာ စကားဝိုင်း**

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# တောင်သူလိုအပ်ချက်များဖြည့်ဆည်း သီးထပ်စွမ်းအားမြင့်မားရေးမြှင့်တင်

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးအတွက် အဓိက နည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် Contract Farming စနစ်ဖြင့် ဆောင်ရွက်နိုင်သော်လည်း တောင်သူများ တစ်ဦးချင်း၏အကျိုးကို ဖော်ဆောင်နိုင်ရေးအတွက် မြန်မာ့အစဉ်အလာနှင့်ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကို ဖော်ဆောင်ပြီး တောင်သူများ စုပေါင်းစိုက်ပျိုးသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း စက်တင်ဘာလ ၂၃ ရက်နေ့၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား မှာကြားခဲ့သည်။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်နေပြည်သူအများစုသည် စပါးအပါအဝင် သီးနှံအမျိုးမျိုး စိုက်ပျိုးလုပ်ကိုင်ကြသည်။ သီးနှံအထွက်နှုန်းတိုးရေး ပန်းတိုင်ရည်မှန်းချက်ပြည့်မီပါလျှင် ပြည်သူများအတွက် စားရေရိက္ခာဖူလုံပြီး တောင်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်သာမက နိုင်ငံ့စီးပွားလည်းမြင့်မားတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်ချိန်သောကာလက ဆန်စပါးပြည်ပတင်ပို့မှုတွင် ကမ္ဘာ့အဆင့်နံပါတ်(၁)ဖြစ်ခဲ့သည်။ နိုင်ငံ့စီးပွားရေးတွင် ဆန်စပါးမှ ဝင်ငွေအများဆုံးရရှိခဲ့သည်။ မျက်မှောက်ကာလတွင် ရာသီဥတုအပါအဝင် အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့အဆင့်မှ လျော့ကျခဲ့သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများရှိပြီး စိုက်ပျိုးရေ၊ စိုက်ပျိုးမြေလုံလောက်အောင်ရှိသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်သမ္မတက စိုက်ပျိုးသီးနှံအထွက်တိုးရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး တွန်းအားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံတော်စီးပွားတိုးတက်မြင့်မားရေးအတွက် အခြေခံကျသည့် စိုက်ပျိုးရေးသည် တောင်သူများလက်ဝယ်တွင်ရှိသည်။ တောင်သူလယ်သမားများသည် နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို အဓိကထောက်မထားသည့် အင်အားစုကြီးဖြစ်သည်။ တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် အခက်အခဲအမျိုးမျိုးရှိသဖြင့် နိုင်ငံတော်က ပံ့ပိုးကူညီပေးမှုများနှင့်အတူ သမဝါယမစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

တောင်သူတို့၏ လယ်ယာမြေများမှထွက်သော သီးနှံမျိုးစုံတို့သည် ပြည်တွင်းစားသုံးမှုအတွက်သာမကဘဲ ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်သည့် စွမ်းပကားများရှိသည်။ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းအသားတင် ထုတ်ကုန် (GDP) တွင် စိုက်ပျိုးရေးကဏ္ဍမှ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။ ပြည်ပနိုင်ငံများသို့ ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ရော်ဘာစသည့် ထွက်ကုန်သီးနှံများကို တင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက်လိုအပ်သော နိုင်ငံခြားငွေများကို ရှာဖွေပေးနေသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် သီးနှံအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် အခြေအနေအရပ်ရပ်ကို ဝိုင်းဝန်းညှိနှိုင်းအဖြေရှာပြီး ပြုပြင်ပြောင်းလဲ စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်မပြည့်မီသဖြင့် နှစ်စဉ်ကျပ်ငွေ ရှစ်ဘီလီယံခန့် နစ်နာလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမြေအခြေအနေ၊ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ပန်းတိုင်ရည်မှန်းချက်ကို အချိန်ယူလေ့လာသုတေသနပြု ဆန်းစစ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တောင်သူများ၏ ပင်ပန်းဆင်းရဲလှသည့် မိရိုးဖလာလုပ်ငန်းများကို စက်မှုလယ်ယာစနစ်သို့ အပြည့်အဝကူးပြောင်းပြီး သက်သာချောင်ချိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးနည်းဖြင့် မြှင့်တင်ပေးကြရမည်ဖြစ်သည်။ တောင်သူများ စုပေါင်းစိုက်ပျိုးရန်အတွက် လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေများကို နိုင်ငံတော်က သတ်မှတ်ချက်များအတိုင်း စနစ်တကျထုတ်ချေးပေးလျက်ရှိသည်။ စိုက်ပျိုးရေးတွင် မဖြစ်မနေလိုအပ်သော ဓာတ်မြေဩဇာလုံလောက်စွာရရှိရေးအတွက် ပြည်ပမှတင်သွင်းခွင့်ကို အခွန်ကင်းလွတ်ခွင့်ပေးထားသည်။ သင့်တင့်မျှတသော သီးနှံဈေးကွက်ဖော်ဆောင်ပေးပြီး တွက်ခြေကိုက်အောင် ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ တောင်သူလယ်သမားများဘဝကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနိုင်မှသာ တောင်သူများဘဝမြင့်မားပြီး နိုင်ငံ့စီးပွားလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများသည် တိုင်းပြည်စီးပွား မြင့်မားတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေသော အင်အားစုကြီးဖြစ်သည်။ တောင်သူများ၏ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာမှသာ နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာမည်ဖြစ်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး၊ စံသတ်မှတ်ချက်များအတိုင်း စိုက်ပျိုးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ သွင်းအားစုများဖြည့်ဆည်းဆောင်ရွက်ပေးရေးစသည်တို့ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကလည်း တစ်ဧကအထွက်နှုန်းတိုးစေရန် တစ်ဦးချင်း တစ်ယောက်ချင်းသာမက သမဝါယမစနစ်ဖြင့်လည်း စုပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြစ်ကြီးနားမြို့၌ ပြေစာများပေါ်တွင် အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်း

မြစ်ကြီးနား စက်တင်ဘာ ၂၆

ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ အခွန်ထမ်းလုပ်ငန်းရှင်များက စားသုံးသူများထံမှ သတ်မှတ်ထားသည့် အခွန်ကို စနစ်တကျကောက်ခံပြီး နိုင်ငံတော်သို့ မှန်ကန်စွာ ပေးသွင်းနိုင်



ရေးအတွက် ကချင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းကို စက်တင်ဘာ ၂၆ ရက်က မြစ်ကြီးနားမြို့နယ်စုပေါင်းရုံးအတွင်းရှိ မနော‌ရွှေပြည်ခန်းမ၌ ကျင်းပသည်။

ထိုသို့ အခွန်ဆိုင်ရာ အသိပညာပေးခြင်းကို မြစ်ကြီးနားမြို့ပေါ်ရှိ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုရိပ်သာ၊ ရွှေဆိုင် စသည့် အခွန်ထမ်းလုပ်ငန်းရှင် ၁၃၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောကာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၂၆ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၃၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

**✻ ရွှေဖုံးမှ**

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် South Dagon Mall သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် South Dagon Mall ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က South Dagon Mall အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး South Dagon Mall အတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို South Dagon Mall အတွင်း ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက် လာကြသူများက South Dagon Mall ဆိုင်ရာ မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall တည်ဆောက်ဖွင့်လှစ်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံသို့ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ခဲ့သော သမာဓိကောင်းသာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး South Dagon Mall အတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ South Dagon Mall သည် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်၌ တည်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်သူများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် ခေတ်မီ Shopping Mall တစ်ခုအဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ South Dagon Mall သည် RC အမျိုးအစား သုံးထပ်အဆောက်အအုံဖြစ်ပြီး ပရိဘောဂဆိုင်များ၊ စားသောက်ဆိုင်များ၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၊ မီနီမတ်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့် အလှကုန်ဆိုင်များ၊ ရွှေငွေလက်ဝတ်ရတနာဆိုင်များနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် Bank များ ဖွင့်လှစ်ထားရှိသည့်အပြင် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် ရုပ်ရှင်ရုံနှင့် ဈေးဝယ်သူများ အဆင်ပြေစွာသွားလာ နိုင်စေရန်အတွက် စက်လှေကားများ ထည့်သွင်းတည်ဆောက်ထားသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များ ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❄ သဘာဝအခြေခံမှ**

သဘာဝအလှကို ကြည့်ရှုလေ့လာနိုင်မှုကြောင့် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ နှစ်စဉ် နိုင်ငံခြားသားခရီးသွားများ မပြတ်ဝင်ရောက်လျက်ရှိသည်။

နိုင်ငံခြားသားခရီးသွားများသည် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းတွင် ပင်လယ်ပြင်ဆည်းဆာအလှနှင့် သဲသောင်ပြင်၌ ပင်လယ်လှိုင်းများကြည့်ရှုခြင်း၊ ဒီရေတောအလှကိုလေ့လာခြင်း၊ ငှက်၊ အပင်နှင့် သန္တာကျောက်တန်းများကိုလေ့လာခြင်း၊ ကယက်လှေစီး၍ ထုံးကျောက်လိုဏ်ဂူများကိုလေ့လာခြင်း၊ ရေငုပ်၍သန္တာကျောက်တန်းနှင့် ရေသတ္တဝါများကိုကြည့်ရှုခြင်း၊ ကမ်းခြေသဲပြင်မွမွ၌ အပန်းဖြေခြင်းနှင့် လှိုင်းစီးခြင်းတို့ဖြင့် အပန်းဖြေကြလေ့ရှိသည်။

"ဒီနှစ်ခရီးသွားရာသီမှာလည်း နိုဝင်ဘာ ၁ ရက်ကစပြီး ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို နိုင်ငံခြားသားခရီးသွားတွေ စတင်ဝင်ရောက်နိုင်ပါတယ်။ မနှစ်ကလည်း ခရီးသွားဝင်ရောက်ခဲ့တဲ့အတွက် ဒီနှစ်မှာလည်း ဥရောပခရီးသွားတွေ ပိုပြီးဝင်ရောက်လာမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇင်လတ်က ပြောသည်။

ပင်လယ်ပြင်အလှနှင့် တောတွင်းသဘာဝအလှကြွယ်ဝသည့် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို နှစ်စဉ် နိုဝင်ဘာလဆန်းတွင် ဖွင့်လှစ်၍ မတ်လပိုင်းတွင် ပိတ်သိမ်းလေ့ရှိပြီး ယမန်နှစ်က ဧပြီလဆန်းပိုင်းအထိ ခရီးသွားဝင်ရောက်မှုရှိခဲ့သည်။ ယမန်နှစ်က ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ရုရှား၊ အမေရိကန်၊ အိန္ဒိယ၊ အီတလီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ နယ်သာလန်၊ ကနေဒါ၊ Espanola၊ Latvia စသည့် ဥရောပနိုင်ငံများမှ ခရီးသွား အများဆုံးဝင်ရောက်ခဲ့ပြီး အာရှနိုင်ငံအချို့မှ ခရီးသွားများလည်း လာရောက်အပန်းဖြေကြသည်။ ယခုနှစ်ခရီးသွားရာသီ၌ ဥရောပနိုင်ငံများမှခရီးသွားများ အများဆုံးလည်ပတ်နိုင်ကြောင်း သိရသည်။ **သတင်း – ဥဿာ၊ ဓာတ်ပုံ – ကိုလွင်**

**❖ ရန်ကုန်မှ**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေ မှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**❍ အောင်ပန်းမြို့မှ**

တပ်မတော်ဆေးရုံ၌ အကြိမ်(၄၀)မြောက်နှင့် အတွဲ(၁၀၀)ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ခွဲစိတ်ကုသမှုအောင်မြင်ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီးကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။ ထို့ပြင် လိုအပ်သည့်ဆေးဝါးကုသပြုစုမှုများကိုအချိန်နှင့်တစ်ပြေးညီ ဆက်လက်ကုသပေးလျက်ရှိသည်။

ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုများကို နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများအား ခွဲစိတ်ကုသပေးလျက်ရှိရာ အောင်ပန်းမြို့တပ်မတော်ဆေးရုံ၌ ကျောက်ကပ်ဝေဒနာရှင်များအတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ပထမအကြိမ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု လူနာလေးတွဲအပါအဝင် အတွဲ(၁၀၀) ပြည့်အဖြစ် အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၆**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ သန်လျင် တပ်နယ်နှင့် ဒလတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သန်လျင်တပ်နယ်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင် တပ်နယ်နှင့် ဒလတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့ ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၌ ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးစဉ်။

တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်က အမှာစကားပြောကြားရာ တွင် သန်လျင်နှင့် ဒလတပ်နယ် သည် ရန်ကုန်မြို့တော်၏ပင်လယ် ထွက်ပေါက်ဖြစ်ပြီး ပထဝီအနေ အထားအရ အရေးပါသောနယ်မြေ များဖြစ်ကြောင်း၊ အလားတူ ပဲခူး တိုင်းဒေသကြီးနှင့် ဆက်စပ်လျက် ရှိပြီး ရန်ကုန်မြို့လယ်ဧရိယာ၏ တစ်ဖက်ကမ်းတွင်ရှိ၍ လုံခြုံရေး အရလည်း အရေးကြီးသော နယ်မြေများ ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် မြန်မာ့ ပင်လယ်ပြင် ရေပိုင်နက်အား ကာကွယ်နိုင်ရန်အတွက် အင်အား တောင့်တင်းခိုင်မာနေရန် လိုအပ် ကြောင်း၊ တပ်မတော်အကြီးအကဲ အဆက်ဆက်တွင် တပ်မတော် (ရေ)အား အင်အားတောင့်တင်း ခိုင်မာစေရန် အမြော်အမြင်ရှိစွာ ဖြင့် တည်ဆောက်ခဲ့သဖြင့် ပတ်ဝန်းကျင် နိုင်ငံများ၏ လေးစား စောင့်ကြည့်နေသည် အထိ တောင့်တင်းလာခဲ့ကြောင်း၊ နိုင်ငံတော်၏ ရေပိုင်နက်အတွင်း တရားမဝင် ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါး ရောင်းဝယ် သယ်ဆောင်မှုများနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းနိုင်ရေးကို အမျိုး သားရေး တာဝန်တစ်ရပ်အဖြစ် သစ္စာရှိစွာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တပ်မတော်(ရေ) သည် အရည်အသွေးကောင်းမွန် သော အစဉ်အလာကောင်းများ ရှိပြီးဖြစ်၍ ဆက်လက်ထိန်းသိမ်း သွားကြရန်လိုကြောင်း၊ တပ်မတော် (ရေ)အနေဖြင့် စစ်ဆင်ရေးတာဝန် များတွင် ခြေလျင်တပ်များနှင့် အတူ ပူးပေါင်းဆင်နွှဲ၍ စွမ်းစွမ်း တမံ ဆောင်ရွက်နေမှုများကို လည်း အသိအမှတ်ပြုပါကြောင်း။

မိမိတို့ တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုများ နှင့်အတူ မွေးဖွားလာခဲ့သည့် တပ်မတော်ဖြစ်ပြီး တိုင်းပြည်၏ ခက်ခဲနက်နဲသော သမိုင်းအကွေ့ အကောက်တိုင်းတွင် နိုင်ငံတော် နှင့်ပြည်သူကို အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ရှေ့တန်း ကနေ မားမားမတ်မတ်ကာကွယ် စောင့်ရှောက်ခဲ့သည့် သမိုင်း ကြောင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးသည် အမျိုးသား ရေးမူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ် ပန်ဆင်ပြီး သစ္စာရှိစွာ တာဝန်ထမ်း ဆောင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်သည် အခြားသော ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းမှုအရ၊ လုပ်ငန်းတာဝန်အရ ခြားနားသော သဘောသဘာဝ ရှိကြောင်း၊ တပ်တွင်းတွင် မိသားစုနှင့်အတူ နေထိုင်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့်အတွက် တပ်မှူးနှင့်ဇနီးတို့၏ မိဘသဖွယ် မျှတသောအုပ်ချုပ်မှုသည် အရေး ကြီးကြောင်း၊ တပ်မှူးနှင့် တာဝန်ရှိ သူများသည် တော်တည့်မှန်ကန် စွာအုပ်ချုပ်နေရန် လိုအပ်သကဲ့သို့ ကွပ်ကဲမှုအောက်တွင် ရှိသော အရာရှိ၊ စစ်သည်များကလည်း နောက်လိုက်ကောင်းများအဖြစ် အမိန့်နာခံ၍ စည်းကမ်း ကောင်းမွန်နေရန် လိုကြောင်း၊ မြို့ပြတွင် နေထိုင်သူများဖြစ်၍ ကောင်းမွန်သော အခွင့်အလမ်း များကို မှန်မှန်ကန်ကန်အသုံးချ ရန်လိုအပ်ပြီး တပ်မတော်၏မူဝါဒ နှင့် စည်းကမ်းများကို သိရှိပြီး လိုက်နာစောင့်ထိန်းကြရန် လို ကြောင်း။

တပ်မတော်တွင် သစ္စာဖောက် မှု၊ စစ်ဆင်ရေးမှု၊ မူးယစ်ဆေးဝါးမှု များနှင့်ပတ်သက်၍ လုံးဝခွင့်လွှတ် ၍မရသည့် အမှုကိစ္စများဖြစ် ကြောင်း၊ သစ္စာဖောက်မှုဆိုရာ တွင် နိုင်ငံတော်နှင့် တပ်မတော် အပေါ် သစ္စာဖောက်ခြင်းအပြင် မိသားစုအပေါ် သစ္စာဖောက်ခြင်း လည်းပါဝင်၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

တပ်မတော်၏ ကောင်းမွန် သည့် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းကာကွယ် ရန်မှာ တပ်မတော်သားအားလုံး တွင် တာဝန်ရှိကြောင်း၊ တပ်မတော် အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန် ထမ်းဆောင်နိုင်ရေးအတွက် တိုက် စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည် သုံးရပ်နှင့်ပြည့်စုံနေရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများ ရှိအောင် လေ့ကျင့်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာ သည့် စစ်အတတ်ပညာနှင့် စစ် လက်နက်ပစ္စည်းများကို အမြဲ လေ့လာနေရမည်ဖြစ်ပြီး စစ် မြေပြင်တွင် လက်တွေ့အသုံးချနိုင် ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည် ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်း ဆောင်ရွက်သွား ကြရန်လိုကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သား မိသားစုဝင်များ ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည် မြင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာ ရည် မြင့်မားစေရေးအတွက် လိုအပ်သည်များ စဉ်ဆက်မပြတ် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည် များ၊ ကလေးငယ်များ၏ ပညာ ရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူ များအနေဖြင့် အခွင့်အလမ်းများ ရရှိအောင် စီမံဆောင်ရွက်ပေးကြ ရန်လိုကြောင်း။

တစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်စေရေးအတွက် စာပေ ဖတ်မှတ်လေ့လာသွားရန် မဖြစ် မနေလိုအပ်မည် ဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိကိုယ်ကိုအကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတလေ့လာခြင်းများ ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာ များကိုမှတ်သားခြင်း၊ လက်တွေ့ ကြုံတွေ့လာရသည့် အခြေအနေ တွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပြီး မိမိတို့သိရှိထားသည့် အကြောင်း အရာများကို အခြားသူများ အား မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့် ကောင်းတစ်ခုပင် ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေဖတ်မှတ် လေ့လာခြင်းကို အမြဲမပြတ် ဆောင်ရွက်သွားကြရန် လို ကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက် ပါက တပ်မှူးအသီးသီးသည် မှန်ကန်သည့် ဦးဆောင်မှုနှင့် လုပ်ဆောင်ပါက လက်အောက် ငယ်သားများက တပ်မှူးအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ တပ်ရင်း/ တပ်ဖွဲ့မှူးများ ခေါင်းဆောင်မှု ကောင်းမွန်ပါက လက်အောက်စစ်သည်၊ မိသားစု ဝင်များက ယုံကြည်မှုရှိ၍ လုပ်ငန်း တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ တပ်ရင်း/တပ်ဖွဲ့များရှိ တာဝန်ရှိသူ များအနေဖြင့် လက်အောက်၏ အခက်အခဲများကို ဖြေရှင်းဆောင် ရွက်ပေးရန်လိုသဖြင့် ၎င်းတို့နှင့် ထိတွေ့မှုများစွာရှိရမည် ဖြစ် ကြောင်း၊ ထိုသို့ထိတွေ့မှုများ ပြုလုပ်ခြင်းသည် စစ်သည်များ စိတ်ဓာတ်မြင့်မားရေးနှင့် တပ် အင်အား တောင့်တင်းခိုင်မာရေး အတွက် လုပ်ဆောင်ရမည့်အချက် ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင် သည် လက်အောက်ငယ်သား အပေါ် ကျောသား၊ ရင်သားမခွဲခြား ဘဲ အမိအဖစိတ်ထားဖြင့် အုပ်ချုပ် ကွပ်ကဲရန်လိုကြောင်း၊ သို့မှသာ မိမိတို့တပ်မတော်၏ အရည် အသွေး တိုးတက်လာမည် ဖြစ်ကြောင်း။

ရေကြောင်း လုံခြုံရေးအပေါ် ခြိမ်းခြောက်မှု များကိုလည်း အမျိုးသားလုံခြုံရေး ပြဿနာ အဖြစ် ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် ရေကြောင်း လုံခြုံရေးကဏ္ဍ အပါအဝင် ခြိမ်းခြောက်မှုများနှင့် ပဋိပက္ခများ အပေါ် ကြိုတင်တွက်ဆပြီး မဟာဗျူဟာပန်းတိုင်များ ချမှတ် ကာ ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သော ရေတပ်ဖွဲ့ တစ်ခုအဖြစ် အစဉ်မျှော်မှန်း တည်ဆောက်သွားရန် လိုအပ် ကြောင်း၊ မိမိတို့၏ သီးသန့်စီးပွား ရေးဇုန်အတွင်းရှိ အချုပ်အခြာ အာဏာနှင့် ရေပြင်ပိုင်နက်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက် ရန်၊ ရေကြောင်းကုန်သွယ်မှု လုံခြုံ ချောမွေ့စေရေးအတွက် ပင်လယ် ရေကြောင်း လုံခြုံရေးတာဝန်များ ကို ထိရောက်စွာထမ်းဆောင် ရန်၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားကို ကမ်းလွန် ပင်လယ်ပြင်အထိ အကာအကွယ်ပေးရန် တို့ကို မျှော်မှန်း၍ ပြင်ဆင်လေ့ကျင့် နေရန်လိုကြောင်း၊ တပ်မတော် (ရေ)မှ ရဲဘော်ရဲဘက်အားလုံး အနေဖြင့် စွမ်းရည်များပြည့်ဝကာ နိုင်ငံတော်နှင့်ပြည်သူက အားကိုး ရသည့် ခေတ်မီတပ်မတော်(ရေ) အဖြစ် အစဉ်အမြဲကြိုးပမ်းဆောင် ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက် လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့အပြင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့သည် ရေတပ် လေ့ကျင့်ရေးဌာနချုပ်၌ ကံ့ကော် ပင်ကို အမှတ်တရစိုက်ပျိုးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသမဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂါယနာ ပါဠိပဋိပတ္တိ သြဝါဒပေးသော်လည်း... သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါရှိ ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသမဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ချမ်းမြေ့ရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ၊ ပြည်တွင်းပြည်ပမှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ချမ်းမြေ့ရိပ်သာ ယောဂီအဖွဲ့များအပါအဝင် ပရိသတ်အားလုံးက "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ကာ အခမ်းအနားမှူးက သရီရဓာတ်ပြာတော်တို့ကို ဓာတုပဝါဟနပူဇာသဘင် ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် လောင်းတိုက်ပေါ်သို့ တက်ရောက်ကြပြီး ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သရီရဓာတ်ပြာတော်အရိုးတော်များအား အုန်းစိမ်းရည်ဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ သရီရဓာတ်ပြာတော် အရိုးတော်များကို ရတနာရွှေအိုး၊ ငွေအိုးများတွင် ထည့်သွင်းပူဇော်ခြင်း၊ ကျန်ရှိသော သရီရဓာတ်ပြာတော်၊ အရိုး၊ အစအနအားလုံးကို ရွှေအိတ်များဖြင့် ထည့်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး သရီရဓာတ်ပြာတော် ရတနာရွှေအိုးများကို ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် ကရဝိက်ယာဉ်ဖြင့် ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရတနာရွှေအိုးများကို သင်္ဃန်းကျွန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ကျောက်တံတားမြို့နယ်တို့ကို ဖြတ်သန်းပင့်ဆောင်လာရာ လမ်းတစ်လျှောက်တွင် ဒါယကာ၊ ဒါယိကာမများက ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကျွန်းမာရေးဆိပ်ကမ်းတံတား၌ ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ဝင်များက ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များ ထည့်သွင်းပူဇော်ထားသည့် ရတနာရွှေအိုးများနှင့် ရတနာရွှေအိတ်များကို Royal Green River သင်္ဘောပေါ်ရှိ အပူဇော်ခံ ပုလ္လင်ပေါ်သို့ ပင့်ဆောင်ထားရှိကြသည်။




အဆိုပါသင်္ဘောဖြင့် ပုဇွန်တောင်ချောင်းနှင့် ရန်ကုန်မြစ်၊ ပဲခူးမြစ်ဆုံရာ နေရာသို့ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသက ချမ်းမြေ့ရိပ်သာဆရာတော်ကြီးအား နောက်ဆုံးပူဇော်သည့်အနေဖြင့် ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သာသနာပြုဂုဏ်ဖြင့် ပရိယတ္တိစွမ်းရည်၊ ပဋိပတ္တိ စွမ်းရည်တို့ကို ဟောကြားဂုဏ်ပြုပူဇော်ပြီး ချမ်းမြေ့ရိပ်သာဆရာတော်ကြီးအား ကုသိုလ်အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားမှူးက ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များကို သရီရဓာတုပဝါဟန ပူဇာသဘင် ဆင်ယင်သည့်အနေဖြင့် ရေမျှောပူဇော်တော့မည်ဖြစ်ကြောင်း သုံးကြိမ်တိုင်တိုင် လျှောက်ထားကြေညာပြီး သံဃာတော်များ ဦးဆောင်သည့် ပရိသတ်အားလုံးက "အနိစ္စာ ဝတ သင်္ခါရာ" "ဒုက္ခဝတ သင်္ခါရာ" "အနတ္တာဝတ သင်္ခါရာ" အစချီရွတ်ဆိုပွားများကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များကို ထည့်သွင်းပူဇော်ထားသည့် ရတနာရွှေအိုးတော်များ၊ ရတနာရွှေအိတ်တော်များကို ရေမျှောပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် အဆိုပါ သင်္ဘောပေါ်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



ဦးစွာ ဆွမ်းတော်ကြီးကပ်လှူပွဲ အခမ်းအနားကို စေတီရင်ပြင်တော်တောင်ဘက် ဉည့်ခံတန်ဆောင်း၌ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြပြီး ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများက ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဂရုဓမ္မငါးပါး သီလ အကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများအား အမေးအဖြေပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ တိပိဋကဩဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိပါရဂူ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်း အဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများနှင့် အလှူရှင် ဘုရားဖူးလာပြည်သူများက သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပင့်သံဃာများအား ရောင်တော်ဖွင့်တန်ဆောင်း၌ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ယနေ့ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်တော်မူပြည်တော်ပြန် (စက်မှုကျောင်းတိုက်)၌ ဆန်၊ ဆီ၊ ဆားများ လှူဒါန်း

**မူဆယ် စက်တင်ဘာ ၂၆**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် စက်မှုနယ်မြေရှိ အောင်တော်မူပြည်တော်ပြန် (စက်မှုကျောင်းတိုက်)၌ ဆန်၊ ဆီ၊ ဆားများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းခြင်းကို မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဝင်းအောင် ဦးဆောင်၍ အမှတ် (၁၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့စုမှူး ရဲမှူး ကျော်လင်း၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးနိုင်၊ သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးညာဏ်ဝင်း၊ မူဆယ်မြို့မရဲစခန်းမှူး ဒုရဲမှူး ဗိုလ်ဌေး၊ အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ ဒုရဲမှူး သန်းထိုက်၊ အမှတ်(၂) မှုခင်းရဲတပ်ဖွဲ့စိတ်မှ ဒုရဲမှူး အာကာဖြိုး၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့စု (မူဆယ်)မှ ရဲအုပ် စိုင်းစံမြင့်၊ မူဆယ်ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့နှင့် သီးခြားတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များက အောင်တော်မူပြည်တော်ပြန် (စက်မှုကျောင်းတိုက်) ဆရာတော် ဘဒ္ဒန္တသုစာရိတထံ ဆန် ၁၀ အိတ်၊ ဆီ ငါးပိဿာပုံး ငါးပုံး၊ ဆီသုံးပိဿာပုံး သုံးပုံး၊ ဆားငါးပိဿာ၊ ဆေးပန်းခြင်းနှစ်ခြင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၃ သိန်းခန့်တို့ကို သွားရောက်လှူဒါန်းခဲ့ပြီး ဆရာတော် ဘဒ္ဒန္တသုစာရိတထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တောင်သူများဘဝ “ရေ” စိတ်ချစွာဖြင့် အယ်လ်နီညိုကာလ ကျော်ဖြတ်ကြပါစို့

ဝိဓူရ




ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများတွင် အယ်လ်နီညိုဖြစ်ပေါ်ခြင်းကြောင့် အစွန်းရောက်ရာသီဥတုများ ပြင်းထန်စွာခံစားကြရပြီး လူမှုစီးပွားဘဝများထိခိုက်စေနိုင်ပါသည်။ အယ်လ်နီညိုဆိုသည်မှာ ပင်လယ်ရေအပူချိန်ပြောင်းလဲခြင်းကြောင့် ရက်ရှည်မိုးပြတ်၍ ပူပြင်းခြောက်သွေ့ခြင်းများဖြစ်စေသည့်နည်းတူ အချိန်မှန်မိုးမရွာခြင်း၊ ရွာသွန်းသည့်အခါ ထူးခြားစွာ မိုးကြီးရေလျှံခြင်းများ ဖြစ်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၆ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ် ကျရောက်လာနိုင်မည်ဟု မိုးလေဝသ ပညာရှင်များ အသိပေးနိုးဆော်ထားပါသည်။ အယ်လ်နီညိုကျရောက်သည့်အခါတွင် မိုးရွာချိန်မှန်ကန်မှုမရှိခြင်း၊ ရက်ရှည်မိုးပြတ်ပြီး ရေရှားပါးခြင်း၊ မိုးရွာသည့်အခါ အချိန်တိုအတွင်း လွန်ကဲစွာရွာသွန်းခြင်းကြောင့် ရေကြီး/ ရေလျှံမှုများဖြစ်စေခြင်း၊ ပူပြင်းခြောက်သွေ့ပြီး အပူချိန် ထူးကဲစွာမြင့်မားလာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ထိခိုက်စေပြီး သီးနှံအထွက်နှုန်းကျဆင်းစေခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်များ ရေလျော့နည်းခြင်း စသည်တို့ဖြစ်ပေါ်စေနိုင်ပါသည်။ အယ်လ်နီညိုကြောင့် မိုးလုံးဝမရွာခြင်းမျိုး မဟုတ်ပါ၊ မိုးရွာသွန်းချိန်မမှန်ကန်မှုနှင့် အစွန်းရောက်ရာသီဥတုကိုဖြစ်စေခြင်းသာ ဖြစ်ပါသည်။

အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကို ကာကွယ်ထိန်းချုပ်ရန် မဆောင်ရွက်နိုင်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းဖြင့် ကောင်းစွာကျော်လွှားဖြတ်သန်းနိုင်မည်ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် မိုးကောင်းစွာရွာသွန်းချိန်တွင် ရေကိုစနစ်တကျ စုဆောင်းထားရှိပြီး မိုးပြတ်သည့်ကာလများတွင် မျှဝေသုံးစွဲခြင်းဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေပြတ်လပ်မှုများကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ရေကိုကြိုတင်စုဆောင်းခြင်း၊ ချွေတာသုံးစွဲခြင်းနှင့်အတူ ရေရှားပါးပြတ်လပ်ချိန်တွင်လည်း မျှတညီညွတ်စွာ ခွဲဝေသုံးစွဲကြရမည်ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်ခြင်းဖြင့် စိုက်ပျိုးသီးနှံထုတ်လုပ်မှု ထိခိုက်ပျက်စီးမှုများ နည်းပါးစေ၍ ဝင်ငွေဆုံးရှုံးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ရာ ယနေ့မှစ၍ ရေကိုစနစ်တကျ စုဆောင်းချွေတာသုံးစွဲခြင်းသည် မနက်ဖြန် စားဝတ်နေရေးကို ကာကွယ်ခြင်းပင်ဖြစ်ပါသည်။

စိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် ကျေးလက်နေတောင်သူများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို စနစ်တကျ ဖြတ်သန်းကျော်လွှားနိုင်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၏ စီမံဆောင်ရွက်မှုများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပြည်သူများ၊ တောင်သူလယ်သမားများ အနေဖြင့် လွယ်ကူထိရောက်ပြီး လက်တွေ့ကျသည့် ကြိုတင်ပြင်ဆင်မှုများအား ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ထားကြရမည်ဖြစ်ပါသည်။

မိမိတို့ကျေးရွာရှိ ရေကန်များတူးဖော်ခြင်း၊ ကန်ပေါင်ဆယ်ခြင်း၊ ရေဝင်လမ်းကြောင်းများ ရှင်းလင်းတူးဖော်ခြင်း၊ ချုံနွယ်သစ်ပင်နှင့် အမှိုက်သရိုက်ရှင်းလင်းခြင်းများ ဆောင်ရွက်ထားပြီး ပိုးသတ်ဆေးသုံးစွဲခြင်းကဲ့သို့ ရေကိုအဆိပ်အတောက်ဖြစ်စေမည့်အရာများအား စုဆောင်းရေအတွင်းသို့ ကျရောက်ခြင်းမရှိစေရန် သတိပြု၍ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ရေကိုစနစ်တကျ စုဆောင်းထားကြရမည်ဖြစ်ပါသည်။

ယနေ့ ရေတစ်စက်ချွေတာခြင်းသည် နောက်တစ်နေ့အတွက် ရေတစ်စက်စုဆောင်းထားခြင်းပင် ဖြစ်ပါသည်။ စိုက်ပျိုးရေရယူသုံးစွဲရာတွင်လည်း သီးနှံ၏ ရေလိုအပ်ချက်ပမာဏနှင့်အညီသာ ရယူသုံးစွဲခြင်း၊ ရေလေလွင့်မှုမရှိစေရန်အတွက် လယ်ကြားမြောင်းများ၊ ကန်သင်းများ ပြုပြင်ဆောင်ရွက်ခြင်း၊ အလှည့်ကျ ရေယူစနစ်ဖြင့် မျှတညီညွတ်စွာ ခွဲဝေသုံးစွဲခြင်းများအား ပိုမိုစနစ်ကျစွာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မိုးတစ်ကြိမ်ရွာရုံဖြင့် မိုးရေလုံလောက်စွာရနိုင်မည်ဟုမျှော်မှန်း၍ အလျင်စလို သီးနှံစိုက်ပျိုးခြင်းများ မပြုလုပ်သင့်ပါ။ တစ်ရက်/ နှစ်ရက် မိုးရွာပြီး ရက်ရှည်မိုးပြတ်သွားနိုင်ခြင်းကြောင့် စိုက်ပျိုးထားသည့် သီးနှံများဆုံးရှုံးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒေသနှင့်ကိုက်ညီ၍ ရေလိုအပ်ချက်နည်းပြီး သက်တမ်းတိုသည့် သီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးကြရန်နှင့် မိုးလေဝသသတင်းများ စဉ်ဆက်မပြတ် နားထောင်၍ ရေရရှိနိုင်မည့်ပမာဏအား ခန့်မှန်းချင့်ချိန်တွက်ချက်စိုက်ပျိုးရန် လိုအပ်ပါသည်။

အယ်လ်နီညိုကာလတွင် မိုးရေကို တန်ဖိုးထားကြသကဲ့သို့ မြေအောက်ရေကိုလည်း တန်ဖိုးထား ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ စိုက်ပျိုးရေ စက်ရေတွင်းများမှ ရေကို မလိုအပ်ဘဲ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းသည် မြေအောက်ရေမျက်နှာပြင် လျော့ကျစေနိုင်ပြီး ရေအရည်အသွေးကိုလည်း ထိခိုက်စေနိုင်ပါသည်။ မြေအောက်ရေကို လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းနိုင်သည့် မိုးရေစိမ့်ဝင်သည့် နေရာများကိုလည်း ပိတ်ဆို့တားဆီးခြင်းများ မရှိစေရန်လိုအပ်ပါသည်။ **မြေအောက်ရေသည် အရေးကြီးသော အရန်ရေဖြစ်သည့်အတွက် အမှန်တကယ် လိုအပ်မှသာ စနစ်တကျ ထုတ်ယူသုံးစွဲကြရန်** နှင့် မြေအောက်ရေမျက်နှာပြင်ကျဆင်းလျှင် သက်ဆိုင်ရာဌာနများသို့ အသိပေးဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

**“ရေအသက်တစ်မနက်”** ဆိုသည့်အတိုင်း သောက်သုံးရေကို ပထမဦးစားပေးကာကွယ်ရန် လိုအပ်ပါသည်။ သောက်သုံးရေနှင့် စိုက်ပျိုးရေ ခွဲခြားအသုံးပြုရန်နှင့် အမှိုက်အညစ်အကြေးများ ရှင်းလင်းဆောင်ရွက်ရန်၊ ရေတွင်းရေကန်များ အစဉ်သန့်ရှင်းမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များအား ရပ်ရွာတောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များ၊ လူမှုအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရဌာနများ စဉ်ဆက်မပြတ် ချိတ်ဆက်ပူးပေါင်း၍ ဟန်ချက်ညီညီ အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အယ်လ်နီညိုကြောင့် ရေရှားပါးမှုဖြစ်စဉ်များ ပေါ်ပေါက်လာပါက ညီညွတ်မျှတစွာ ခွဲဝေသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ရာ ကျေးရွာအလိုက်၊ တောင်သူအစုအဖွဲ့အလိုက် ဆွေးနွေးဆောင်ရွက်၍ ရေကို တရားမဝင်ရယူသုံးစွဲခြင်း၊ မြောင်းပိတ်/ မြောင်းချိုး၍ ရေရယူခြင်းများ မပြုလုပ်ကြရန်နှင့် ရေကို အလှည့်ကျ မျှတစွာသုံးစွဲကြရန်၊ ချွေတာ၍ စည်းကမ်းရှိစွာသုံးစွဲကြရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ရေကို မျှဝေသုံးစွဲခြင်းကသာ မိမိရပ်ရွာကို ကာကွယ်နိုင်မည်ဖြစ်ရာ ပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရပါမည်။

အနှစ်ချုပ်အားဖြင့် ရေရှားပါးချိန်တွင် စည်းကမ်းမဲ့စွာ အလဟဿသုံးစွဲခြင်းမပြုကြရန်၊ မိုးတစ်ကြိမ်ရွာရုံနှင့် အလျင်စလို စိုက်ပျိုးခြင်းမပြုကြရန်၊ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း မပြုကြရန်၊ သောက်သုံးရေကို စိုက်ပျိုးရေအဖြစ် အစားထိုးသုံးစွဲခြင်း မပြုကြရန်၊ ရေကို တရားမဝင်ရယူသုံးစွဲခြင်း၊ မြောင်းပိတ်/ မြောင်းချိုးခြင်း၊ ရေယူပေါက်ချဲ့ခြင်းများ မပြုလုပ်ကြရန် အထူးအလေးထားလိုက်နာရန် လိုအပ်ပါသည်။

ထို့အတူပင် မိုးရေလှောင်ကန်များအား တူးဖော်ရှင်းလင်းခြင်း၊ ရေကိုချွေတာ၍ စနစ်တကျ သုံးစွဲခြင်း၊ မိုးလေဝသသတင်းများအား အစဉ်နားထောင်ခြင်းနှင့် သတင်းမျှဝေခြင်း၊ သီးနှံများအား ရေရရှိမှုအခြေအနေအပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုးခြင်းများကို ဒေသအလိုက်၊ အစုအဖွဲ့အလိုက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အစွန်းရောက်ရာသီဥတုကိုဖြစ်စေသည့် အယ်လ်နီညိုကို မဖြစ်အောင် တားဆီး၍မရ၊ ကာကွယ်၍မရဆိုသော်လည်း စနစ်တကျကြိုတင်ပြင်ဆင်ခြင်းဖြင့် မိမိတို့၏ မိသားစုဘဝများနှင့် သီးနှံရိက္ခာများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ **“မိုးရွာတုန်းရေကိုစု၊ ရေရှိတုန်း ချွေတာသုံး၊ ရှားပါးချိန်မှာ မျှဝေသုံး”** ကြခြင်းဖြင့် သန်မာသောတောင်သူ၊ ခိုင်မာသော ကျေးရွာ၊ သာယာသော နိုင်ငံတော်အဖြစ် ရေကို ရွှေလိုတန်ဖိုးထား၍ အယ်လ်နီညိုကာလကို ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်သန်းကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။


မိုးရေစုဆောင်းအသုံးပြုနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးထားသည့် ဝမ်းတွင်းမြို့နယ် ခင်ကြီးကျေးရွာအနီးရှိ ရေကန်ကို တွေ့ရစဉ်။


စိုက်ပျိုးရေနှင့်သောက်သုံးရေ အသုံးပြုနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးထားသည့် မိတ္ထီလာမြို့နယ် အရှေ့ဆည်ကုန်းကျေးရွာအနီးရှိ ရေကန်ကို တွေ့ရစဉ်။

# စက်ရုံများ အော်ဒါကျဆင်းပြီး ပိတ်သိမ်းစေရေး၊ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေရေးတို့အတွက် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေသူများ၏ မဟုတ်မမှန်သတင်းများ ဖြန့်ဝေသွေးထိုးလှုံ့ဆော်မှုများ သိရှိနားလည်ကြရန်လိုအပ်

ရန်ကုန် စက်တင်ဘာ ၂၆

စက်ရုံများ အော်ဒါကျဆင်းပြီး ပိတ်သိမ်းစေရေး၊ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေရေးတို့ အတွက် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေသူများ၏ မဟုတ်မမှန်သတင်းများဖြင့် ဖြန့်ဝေသွေးထိုးလှုံ့ဆော်မှုများကို သိရှိနားလည်ကြရန် လိုအပ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ပုံမှန်လည်ပတ်၍ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။



ထို့ပြင် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းတည်မြဲရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်သမားဝန်ကြီးဌာနက မျက်ခြည်မပြတ်စောင့်ကြည့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်ရှင်များကလည်း အလုပ်သမားများ၏ရပိုင်ခွင့်နှင့် တင်ပြချက်များကို အလေးထားဖြေရှင်းပေးခြင်း၊ အလုပ်သမားများကလည်း အမှာစာများ မဆုံးရှုံးရအောင် စက်ရုံ၏ စည်းကမ်းချက်များကို လိုက်နာကာ လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် တာဝန်သိစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် လိုအပ်ချက်များကို တွေ့ဆုံဆွေးနွေးအဖြေရှာပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းခွင်အေးချမ်းသာယာမှုကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံနေရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများ ဆွေးနွေးတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)တို့မှ တာဝန်ရှိသူများ၊ စက်ရုံပိုင်ရှင်နှင့် မန်နေဂျာများ၊ ရန်ကုန်မြို့ရှိ စက်မှုဇုန်အားလုံးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM)၊ သွေးစည်းညီညွတ်သော အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(STUM)တို့မှ တာဝန်ရှိသူများနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ရုံးခန်းသစ်(ယာယီရုံး) ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ရုံးခန်းသစ် (ယာယီရုံး)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မေဓာဝီ(ဆ)ရပ်ကွက် အမှတ်(123) ၌ ဖွင့်လှစ်သည်။



အဆိုပါရုံးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ အစည်းအဝေးပြုလုပ်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုရရှိစေရန်၊ အသင်းမဝင်ရသေးသည့် ဖိနပ်လုပ်ငန်းရှင်သုံးသောင်းကျော်ရှိသည့်အတွက် အသင်းဝင်များ ဖြစ်လာစေရန်၊ ပြည်တွင်း ဖိနပ်လုပ်ငန်းရှင်များ ဖိနပ်လုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပါက နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

"ကျွန်တော်တို့က မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်(MSME Cluster)ပါ။ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းတွေ စုစည်းပြီး ဖွဲ့စည်းထားတဲ့အသင်းတစ်ခုဖြစ်ပါတယ်။ ဖိနပ်ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူ၊ ကုန်ကြမ်းထုတ်လုပ်သူ အားလုံးပါဝင်တဲ့ နိုင်ငံလုံးဆိုင်ရာအဖွဲ့ချုပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖိနပ်ဈေးကွက် ၇၅ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံတွေက တင်သွင်းတဲ့ ဖိနပ်တွေက ကြီးစိုးနေတာ ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေက ပြည်တွင်းဈေးကွက်မှာ ၂၅ ရာခိုင်နှုန်းသာ လက်ရှိရောင်းချနေတာ ဖြစ်တယ်။ နိုင်ငံတော်ကနေ နိုင်ငံခြားမှ တင်သွင်းတဲ့ ဖိနပ်မှန်သမျှကို ကန့်သတ် ကုန်ပစ္စည်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်တဲ့အတွက် ပြည်တွင်းလိုအပ်ချက်က ပိုများသွားတယ်။ ဝယ်လိုအား ပြည့်မီအောင် ကျွန်တော်တို့ ပိုထုတ်ဖို့ လိုပါတယ်၊ ပိုထုတ်နိုင်ဖို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြိုးစားပေးနေပါတယ်။ ပွဲ့လင်းရာသီ ရောက်လာပေမယ့် ထုတ်လုပ်မှုစွမ်းအားက ဝယ်လိုအားကို အခုအချိန်အထိ မလိုက်နိုင်သေးပါဘူး"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကံညွန့်က ပြောသည်။

အဆိုပါ ရုံးခန်းသစ်ဖွင့်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ် နာယက ဦးကြည်သိန်း၊ ဥက္ကဋ္ဌ ဦးကံညွန့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**ကျော်ကြီး**



## အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက်က ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၄) ဌာနမှူးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ရှင်းလင်းပွဲကို ကုမ္ပဏီ ၆၉ ခုမှ တာဝန်ရှိသူ ၁၀၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အာကာ**

## သာစည်မြို့နယ်၌ သမဝါယမအသင်းစု၏ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်

သာစည် စက်တင်ဘာ ၂၆

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်၌ သမဝါယမ အသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က မြို့နယ် သမဝါယမအသင်းစုရုံး၌ ပြုလုပ်သည်။



ဦးစွာ သဘာပတိဦးတင်ထွန်းနှင့် တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်မှ တာဝန်ရှိသူ တစ်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အဆင့်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကိုယ်စားသဘာပတိအဖြစ် ဆောင်ရွက်ပေးသော တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမှုဆောင်သစ်များကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## မိုးညိုမြို့နယ်၌ တောင်သူများအား နေကြာမျိုးစေ့ပေးအပ်

မိုးညို စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်းနေကြာ စိုက်ပျိုးရန်အတွက် တောင်သူများအား နေကြာမျိုးစေ့ ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက တောင်သူများအား နေကြာမျိုးစေ့ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ကျေးရွာအုပ်စု ၃၅ အုပ်စု၊ နေကြာစိုက်ဧက ၇၀၀ အတွက် တစ်ဧကလျှင် 3 KG တစ်အိတ်နှုန်းဖြင့် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# မော်လမြိုင်မြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၂၆**



၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် မော်လမြိုင်မြို့ အမျိုးသမီး နှင့် ကလေးဆေးရုံကြီး၌ ဆေးရုံ တက်ရောက် ကုသမှုခံယူနေသူ များ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနိုင်ရေး၊ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်း သာယာ လှပစေရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များက စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာ ကော်မတီ အဖွဲ့ဝင်များက ဆေးရုံပရဝဏ် အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု အားပေးပြီး ဆေးရုံပတ်ဝန်းကျင် အမြဲမပြတ် သန့်ရှင်းသာယာရေး၊ ရောဂါပိုးမွှားများနှင့် ခြင်၊ ယင်များ ပေါက်ပွားမှု မရှိစေရေးအတွက် သန့်ရှင်းရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးတို့ အတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ ပဲဆီနှင့် နှမ်းဆီများတွင် အရောအနှောဆီများ ရောနှောရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၌ ပဲဆီနှင့် နှမ်းဆီများတွင် အရောအနှောဆီများ ရောနှောကာ လိမ်လည်ရောင်းချမှုမရှိစေရေး၊ ဈေးနှုန်းမှန်ကန်မှုရှိစေရေး တို့ကို တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဆောင်သော စားသုံးသူရေးရာဦးစီး ဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၌ ပဲဆီနှင့် နှမ်းဆီများတွင် အရောအနှောဆီများ ရောနှောကာလိမ်လည်ရောင်းချမှုမရှိစေရေး၊ ဈေးနှုန်းမှန်ကန်မှုရှိစေရေး ကိုယ်စားလှယ်ဆိုင်များမှ စားသုံးသူပြည်သူ များသို့ ရောင်းချပေးရာတွင် မှန်ခြောက်မှန်ဖြင့် ရောင်းချပေးနိုင်ရေး တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ဖလမ်း စက်တင်ဘာ ၂၆**

ဖလမ်းမြို့အတွင်း ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ မြို့ အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာ လှပရေးအတွက် ဌာနဆိုင်ရာ စုပေါင်းအဖွဲ့များသည် အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ ကျင်မွှာလ်ရပ်ကွက် ဗန်ကာအို လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာရှိ ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းနေမှု၊ တောင်ဇလပ်လမ်း တစ်လျှောက်ရှိ အမှိုက်သရိုက်များ ရှင်းလင်းနေမှု၊ ရန်ပြေမာန်ပြေ နိုင်ငံအေး အောင်တော်မူ ခတ်ပေါင်းစု ဆုတောင်းပြည့် စေတီတော် ပရိဝုဏ်အတွင်း စောင်းတန်း တစ်လျှောက်နှင့် စေတီရင်ပြင်တော်အတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှု စစ်ဆေးပြီး စုပေါင်းလုပ်အားပေး ကြသည့် နယ်မြေခံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုစုပေါင်း ၂၅၆ ဦး အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ယမန်နေ့က ဒုတိယ ဝန်ကြီးနှင့်အဖွဲ့သည် ဖာရံထောက် ရပ်ကွက်ရှိ စိန်ဂျိုးဇက် ကိုယ့်အား ကိုယ်ကိုး မူလတန်းကြိုကျောင်း သို့သွားရောက်ကာ မူလတန်းကြို ကျောင်းကလေးများအားအာဟာရ တိုက်ကျွေးနေမှုကို ကြည့်ရှု အားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနက ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းအတွက် ထောက်ပံ့သည့် အလှူငွေနှင့် သင်ထောက်ကူ ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ငါးလုပ်ငန်းဦးစီး ဌာန ခရိုင်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ခရိုင်ရုံး အဆောက်အအုံ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များအား သက်ဆိုင်ရာတာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# စားအုန်းဆီရောင်းချခြင်းဆိုင်ရာ ရှင်းလင်းပွဲပြုလုပ်

**သာပေါင်း စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စားသုံးသူရေးရာဦးစီး ဌာနက စားအုန်းဆီရောင်းချခြင်းဆိုင်ရာ ရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ် ဦးစီးမှူး ကုန်ဈေးနှုန်းထိန်းညှိလျှော့ကျရေးကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းလတ်က စားအုန်းဆီများအား သက်ဆိုင်ရာကုမ္ပဏီများထံမှ လက်လီအရောင်းဆိုင်များက ထုတ်ယူပြီး စားသုံးသူပြည်သူများထံ သတ်မှတ်ရည်ညွှန်းဈေးနှင့် သတ်မှတ်အလေးချိန် မှန်ကန်စွာရောက်ရှိ ရေးရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာ အုပ်စု ၇၀၊ ကျေးရွာ ၃၉၄ ရွာရှိ အိမ်ထောင်စု ၄၀၃၉၇ စုအား ပျံ့နှံ့မှန်ကန် စွာရောက်ရှိရေး၊ အိမ်ထောင်စုဝင်တိုင်း စားအုန်းဆီများ ဈေးနှုန်းချိုသာ စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ကို အထောက်အကူအကျိုးပြုသက်ရောက်စေရေး ဆောင်ရွက်ခြင်းဖြစ် ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ဟုမ္မလင်းခရိုင် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်တို့က စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ စုပေါင်း သွေးလှူဒါန်းစဉ်။ ဟုမ္မလင်း(ပြန်/ဆက်)

# သထုံခရိုင်၌ လူငယ်စာဖတ်ဝိုင်း ကျင်းပ

**သထုံ စက်တင်ဘာ ၂၆**



မွန်ပြည်နယ် သထုံမြို့နယ်တွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ဘင်လှိုင်ရပ်ကွက် ဝါးတောအခြေခံပညာမူလတန်း လွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ယမန်နေ့ နံနက်ပိုင်းက ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်စာဖတ်ဝိုင်း ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာဖတ်ဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်နှင့် လူထုအခြေပြု ဗဟိုဌာန၌ လစဉ်စာဖတ်ဝိုင်းများ ပြုလုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ကျောင်း သား ကျောင်းသူများက ဒို့ကျေးရွာ ဂျာနယ် အတွဲ ၂၃၊ အမှတ် ၁၈ ပါ စာရေးသူ ဒေါက်တာ သန်းထွန်း ရေးသားသည့် “လူငယ်တွေ စာဖတ် ကြပါ” ဆောင်းပါးအား ဖတ်ရှုကာ မှတ်သားဖွယ်ရာများ၊ ၎င်းတို့ နှစ်သက်ရာများကို အပြန်အလှန် သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘားအံမြို့၌ ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကျင်းပ



**ဘားအံ စက်တင်ဘာ ၂၆**

"ငြိမ်းချမ်းရေးကို လက်တွဲတည်ဆောက် ဖွံ့ဖြိုးရေးကို အတူတကွဖော်ဆောင်" ဆောင်ပုဒ်ဖြင့် အလွှာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံပါဝင်သော ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖိုရမ်ကို စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းလေးစောင်ကို အဖွဲ့လိုက် ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ် စီမံချက်များကို သုံးသပ်အကြံပြု ဆွေးနွေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖိုရမ်တွင် ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ယနေ့ကျင်းပသော ဖိုရမ်သည် ငြိမ်းချမ်းရေးကို ပိုမိုနက်ရှိုင်းစွာ နားလည်ရန်၊ အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်ရန်၊ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော အမြင်များ ဖော်ထုတ်နိုင်ရန် အရေးကြီးသော အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး ဖိုရမ်မှ ထွက်ပေါ်လာမည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရလဒ်ကောင်းများ ဖြစ်ပေါ်စေကာ ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် အမှန်တကယ် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်ဦးဇော်အေးမောင်၊ ငြိမ်းချမ်းရေး ကိုယ်စားလှယ် NCA/EAO များဖြစ်သော ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌဟောင်း စောမူတူးစေးဖိုး၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောရွှေဝ၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးတို့က ငြိမ်းချမ်းရေး ဖြစ်စဉ်ဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

အလားတူ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဖာပွန်မြို့နယ် ကိုယ်စားလှယ်တို့က ကရင်ပြည်နယ်အတွင်း ဒေသအလိုက် ပဋိပက္ခဒဏ်ခံရသူများ၏အသံနှင့်ပဋိပက္ခများလျှော့ချရပ်တန့်စေရေးဆန္ဒများကို လည်းကောင်း၊ အဖွဲ့(၁)ကိုယ်စားလှယ် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေးနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတည်ဆောက်ရေးစာတမ်းကိုလည်းကောင်း၊ အဖွဲ့(၂) ကိုယ်စားလှယ် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စာတမ်းကိုလည်းကောင်း ဆွေးနွေးဖတ်ကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ နို့စားနွားမွေးမြူရေးခြံ၊ စပါးမျိုးသန့်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၆) သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသည် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့်အတူ ချောင်းဆုံမြို့နယ် တိုးချဲ့(၆)ရပ်ကွက်ရှိ ခြံပိုင်ရှင် ဒေါ်နီနီခက်၏ နို့စားနွား(ဖရီရှန်)မျိုး ကောင်ရေ ၄၀ မွေးမြူဆောင်ရွက်ထားမှု၊ အစာကျွေးမွေးမှု၊ နို့ညှစ်ခြင်းနှင့် သန့်ရှင်းလတ်ဆတ်သော နို့ထွက်ပစ္စည်းများ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် နတ်မှော်ကျေးရွာရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခေါင်နံ့ကောက်၍ မျိုးသန့်ရွေးချယ်ထိန်းသိမ်းစိုက်ပျိုးထားသည့် စိုက်ခင်းသို့ သွားရောက်၍ စပါးမျိုးသန့်စိုက်ခင်းအတွင်း စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများ၊ မျိုးသန့်စပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



**✳ ကျောဖုံးမှ**

မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ Division-2 တွင် အုပ်စုနှစ်ခု ပါဝင်ပြီး စက်တင်ဘာ ၂၄ ရက်က ကျင်းပသည့် ပထမနေ့တွင် လာအိုအသင်းက ဘရူနိုင်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ မြန်မာအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အိမ်ရှင်ဟောင်ကောင်နှင့် ကမ္ဘောဒီးယားအသင်းတို့မှာ ဒုတိယနေ့မှ ပထမဆုံးပွဲ ကစားရမည်ဖြစ်ပြီး ပထမနေ့တွင် အနိုင်ရထားသည့် လာအိုနှင့် မြန်မာအသင်းကို အနိုင်မကစားနိုင်ပါက ဖိုင်နယ်ပွဲတက်ခွင့် ဆုံးရှုံးမည်ဖြစ်သည်။ အဖွင့်ပွဲတွင် အနိုင်ရထားသည့် မြန်မာနှင့် လာအိုအသင်းတို့မှာ အနိုင်ကစားနိုင်ပါက ဖိုင်နယ်ပွဲသို့ စောစီးစွာ တက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲတွင် တီမောအသင်းကို အနိုင်ရသော်လည်း အကောင်းဆုံးပုံစံ ပြသနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရသည်။ အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာကြုံတွေ့နေရသဖြင့် တီမောနှင့်ပွဲတွင် လွင်မိုးအောင် ဒဏ်ရာထပ်ရသွားသဖြင့် ကမ္ဘောဒီးယားနှင့်ပွဲတွင် လူမစုံဘဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် တီမောအသင်းထက် ကစားပုံပိုကောင်းသည့် ကမ္ဘောဒီးယားအသင်းကို အနိုင်ကစားနိုင်ရန် ပိုကောင်းသည့်ခြေစွမ်းပြသနိုင်ရန် လိုအပ်နေသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ရဲတပ်ဖွဲ့က ဦးဆောင်၍ စက်တင်ဘာ ၂၆ ရက်တွင် ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင် ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး ခင်မောင်လွင်နှင့် ဒုရဲမှူး အောင်လှိုင်ဌေး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ကျုံပျော်မြို့ရှိ ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက်ရှေ့၌ စက်တင်ဘာ ၂၆ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ နေဝင်းမြင့်(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်တွင် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၆ ရက်တွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ဓမ္မဝိဝေကရိပ်သာကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်ကို(ပုဗ္ဗသီရိ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ)ဒုတိယရဲမှူးကြီး ထွန်းထွန်းဦး ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ထွန်း ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၆ ရက်တွင် ရေးမြို့နယ် ရွှေကျောင်းဘုန်းတော်ကြီးကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရှင်းသန့်ဖြူ

# လျှပ်စစ်ရေးရာစကားဝိုင်း

ဝေယံ

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆောင်ရွက်ရာတွင် ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ် ပြန်လည်ရရှိစေရန် (အရှုံးမပေါ်စေရန်) အတွက် ဓာတ်အားပျောက်ဆုံးနေရသည့် အကြောင်းရင်းများကို ဖြေရှင်းဆောင်ရွက်ကြရပါသည်။ ဓာတ်အားသုံးစွဲသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ ဆောင်ရွက်နေရမှုများကို မီးသုံးစွဲသူများ သိရှိနိုင်ရန်နှင့် ဓာတ်အားသုံးစွဲသူများ၏ အခက်အခဲ၊ လိုအပ်ချက်များ (Complaints) ကို ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ကြရသည်။**

ဆုံတွေ့နေကျ လက်ဖက်ရည်စကားဝိုင်း အရောက်တွင် ဒီတစ်ပတ်တော့ သူငယ်ချင်း ဆွေးနွေးရမယ့်အလှည့်ပဲကွ။ အခုတစ်လော လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု၊ တရားမဝင် ဓာတ်အားသုံးစွဲမှု၊ မီတာလျှောက်ထားမှုတွေ စိတ်ဝင်စားစရာ ဖြစ်နေကြတယ်။

**"ပထမဆုံးသိချင်တာကတော့ လျှပ်စစ်ဓာတ်အားသုံးစွဲသူတွေအနေနဲ့ လျှပ်စစ်ဌာနက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကို သိထားကြမှ ရှောင်သင့်တာတွေ ရှောင်လို့ရတာပေါ့ကွာ။ သိထားသင့်တဲ့အချက်တွေ ပြောပြပါလားဟု"ဆိုလာသည်။**

မှန်တာပေါ့ကွာ။ လျှပ်စစ်ဌာနက ထုတ်ပြန်ထားတဲ့ ဓာတ်အားသုံးစွဲသူတွေ သိသင့်တဲ့အချက်တွေကတော့-

(က) လျှပ်စစ်ဓာတ်အား တရားမဝင် သုံးစွဲမှု မပြုရပါ။

(ခ) မိမိအိမ်နှင့် စက်ရုံများတွင် တပ်ဆင်ထားသော မီတာများကို မိမိသဘောအလျောက် နေရာရွှေ့ပြောင်းတပ်ဆင်ခြင်း မပြုရပါ။

(ဂ) တရားမဝင်ဓာတ်အားသုံးစွဲမှု မလုပ်နိုင်ရန်အတွက် တပ်ဆင်ထားသော Meter Seal၊ Terminal Seal၊ Box Seal များကို ဖြတ်ခြင်း၊ ဖြုတ်ခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်ရပါ။

(ဃ) မီတာများကို ပြုပြင်၍ ဓာတ်အားခိုးယူသုံးစွဲခြင်းများ မပြုလုပ်ရပါ။

(င) စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်ဆင်ထားသော မီတာဝန်အားထက် ကျော်လွန်သုံးစွဲခြင်း မပြုရပါ။

(စ) မိမိအိမ်၊ စက်ရုံအတွက် ခွင့်ပြုထားသော ဓာတ်အားလိုင်းမှတစ်ဆင့် ထပ်ဆင့်ဓာတ်အားဖြန့်ဖြူးခြင်း (ဆင့်ပွားဓာတ်အားဆက်သွယ်ခြင်း) မပြုလုပ်ရပါ။

(ဆ) စက်မှုသုံးမီတာများတွင် ခွင့်ပြုဝန်အားထက် ကျော်လွန်သုံးစွဲခြင်းမပြုရပါ။

**ကိုယ်တို့မသိသေးတဲ့အချက်တွေ ပါနေပါလား။ ဒါနဲ့ အိမ်ကမီတာတွေ ပျက်စီးရင် မီးသုံးသူတွေက ငွေပေးလျော်ရမှုတွေ ရှိနေတယ်။ ဘယ်လိုအခြေအနေတွေမှာ မီးသုံးသူက ပေးလျော်ရပါသလဲ။**

အဲဒါ သိသင့်တဲ့အချက်ပဲ။ အိမ်သုံးမီတာတွေ ချို့ယွင်းပျက်စီးတာနဲ့ပတ်သက်ရင် သတ်မှတ်ဝန်အားထက် ပိုမိုသုံးစွဲမှုနဲ့ မီးသုံးသူကြောင့် မီတာထိခိုက်ပျက်စီးမှုဖြစ်ရင် မီးသုံးသူက ပေးလျော်ရမှာဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကြောင့်ဖြစ်တဲ့ မိုးကြိုးပစ်ခံရမှု၊ မီးလောင်မှုနဲ့ ရေကြီးမှုကြောင့် မီတာပျက်စီးရင် ဌာနက အစားထိုးတပ်ပေးရပါတယ်။ သက်တမ်းကြာတဲ့ မီတာတွေ၊ ရပ်၊ ပျက်၊ နှေး မီတာတွေကိုလည်း ဌာနက လဲလှယ်ပေးပါတယ်။

> **"အိမ်သုံးမီတာတွေ ချို့ယွင်းပျက်စီးတာနဲ့ပတ်သက်ရင် သတ်မှတ်ဝန်အားထက် ပိုမိုသုံးစွဲမှုနဲ့ မီးသုံးသူကြောင့် မီတာထိခိုက်ပျက်စီးမှုဖြစ်ရင် မီးသုံးသူက ပေးလျော်ရမှာ ဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကြောင့်ဖြစ်တဲ့ မိုးကြိုးပစ်ခံရမှု၊ မီးလောင်မှုနဲ့ ရေကြီးမှုကြောင့် မီတာပျက်စီးရင် ဌာနက အစားထိုးတပ်ပေးရပါတယ်။ သက်တမ်းကြာတဲ့ မီတာတွေ၊ ရပ်၊ ပျက်၊ နှေး မီတာတွေကိုလည်း ဌာနက လဲလှယ်ပေးပါတယ်"**

**မီတာလျှောက်ထားရာမှာ ဘယ်အချက်တွေ လိုအပ်ပါသလဲ။ ဘယ်လိုအခြေအနေမှာ ရရှိနိုင်ပါသလဲ။**

မီတာလျှောက်ထားရာမှာ ပိုင်ဆိုင်မှု အထောက်အထား၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာတွေ ပါရှိရပါမယ်။ မိမိနေထိုင်ရာလမ်းမှာ ဓာတ်အားလိုင်းရှိမယ်၊ ဓာတ်အားလိုင်းနဲ့ ဓာတ်အားပေးတဲ့ ထရန်စဖော်မာ ဝန်အားနိုင်နင်းမှုရှိရင် မီတာတပ်ဆင်ခွင့် ရရှိမှာဖြစ်ပါတယ်။

**အလွှာမြင့်တိုက်ခန်းတွေ လျှပ်စစ်ဓာတ်အားရရှိရေးမှာ စည်ပင်က လူနေထိုင်ခွင့် (BCC) ကျပြီးမှ မီတာတပ်ဆင်ခွင့်လျှောက်ကြရတယ်။ လျှပ်စစ်ဌာနက ဓာတ်အားပေးဖို့ အဆင်သင့်မဖြစ်ရင် လူနေထိုင်ဖို့ အချိန်ထပ်စောင့်ရတာတွေ ရှိနိုင်တယ်။ အဆောက်အအုံဆောက်လုပ်ခွင့် တင်ကတည်းက လျှပ်စစ်ဓာတ်အားပေးနိုင်မှု အခြေအနေကိုပါ ထည့်ထားရင် ကြိုတင်ဆောင်ရွက်ထားလို့ရရင် ပိုအဆင်ပြေနိုင်တာပေါ့။**

လျှပ်စစ်ဓာတ်အားပေးရာမှာ လက်ရှိဝန်အားနိုင်၊ မနိုင်ကို အရင်တွက်ချက်ရပါတယ်။ အချို့လမ်းတွေမှာဆို တစ်ပြိုင်တည်း သုံး၊ လေးလုံး ဆောက်နေတာတွေ ရှိနေတယ်။ လက်ရှိ လမ်းမှာရှိတဲ့ မီးလိုင်းနဲ့ ထရန်စဖော်မာတွေ ဝန်အားနိုင်၊ မနိုင် တွက်ချက်ရပါတယ်။ ဝန်အားမနိုင်ရင် ဓာတ်အားပေးရမယ့် လမ်းကြောင်းကို System Improvement လုပ်ပြီးမှ ဓာတ်အားပေးလို့ရမှာ ဖြစ်ပါတယ်။ လျှပ်စစ်မီတာလည်း အဆင်သင့်မဖြစ်ရင် စောင့်ဆိုင်းရမှာ ဖြစ်ပါတယ်။ အဆောက်အအုံဆောက်လုပ်ခွင့် တင်ကတည်းက လျှပ်စစ်ဓာတ်အားပေးနိုင်မှုကို ကြိုတင်လျှောက်ထားရင်တော့ အဆောက်အအုံ နေထိုင်ခွင့် (BCC) ကျတာနဲ့ လျှပ်စစ်ဓာတ်အားပေးဖို့ အဆင်သင့်ရနိုင်တာပေါ့။

**လူအများစိတ်ဝင်စားနေတဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာမှာ ဓာတ်အားပျောက်ဆုံးမှု (Unit Losses) နည်းအောင် ဆောင်ရွက်ဖို့လိုတယ်လို့ သိရတယ်။ အာဆီယံနိုင်ငံတွေရဲ့ ဓာတ်အားပျောက်ဆုံးမှုတွေ ဘယ်လောက်ရှိပါသလဲ။**

ဓာတ်အားပျောက်ဆုံးမှုဆိုတာ ဓာတ်အားပို့လွှတ်ရာမှာ ဓာတ်အားဆုံးရှုံးမှု (Transmission Losses) နဲ့ ဓာတ်အားဖြန့်ဖြူးရာမှာ ဓာတ်အားဆုံးရှုံးမှု (Distribution Losses) နှစ်ခုပေါင်းပြီး ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဓာတ်အားပို့လွှတ်ခြင်း ဆုံးရှုံးမှုကတော့ ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံကနေ ဓာတ်အားဖြန့်ဖြူးတဲ့ မြို့တွေအရောက် ဓာတ်အားပို့လွှတ်ရာမှာ ဓာတ်အားလိုင်းကြီးတွေနဲ့ ဓာတ်အားခွဲရုံကြီးတွေမှာ လျှပ်စစ်ဓာတ်အား စီးဆင်းရာမှာ ဖြစ်ပေါ်တဲ့ ဓာတ်အားပျောက်ဆုံးမှု ဖြစ်ပါတယ်။

ဓာတ်အားဖြန့်ဖြူးခြင်း ဆုံးရှုံးမှုကတော့ မြို့၊ ကျေးရွာ၊ စက်မှုဇုန်တွေကို ဓာတ်အားဖြန့်ဖြူးပေးရာမှာ ဖြစ်ပေါ်တဲ့ ဓာတ်အားပျောက်ဆုံးမှုဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေက နိုင်ငံတွေအလိုက် ဓာတ်အားပျောက်ဆုံးမှုနဲ့ပတ်သက်တဲ့ နှိုင်းယှဉ်ချက်ဇယားရှိတယ်၊ ကိုယ့်ဖုန်းထဲမှာရှိတာကို ဖတ်ပြမယ်၊ ပြီးမှ ကြည့်ချင်လည်း ပြပေးမယ်။

### အာဆီယံနိုင်ငံအလိုက် ဓာတ်အားပျောက်ဆုံးမှု (T&D Loss %) နှိုင်းယှဉ်ချက်

| စဉ် | နိုင်ငံ | T&D Loss % | သုံးသပ်ချက်/အဓိကအကြောင်းရင်း |
|---|---|---|---|
| ၁ | စင်ကာပူ | ၁.၈% – ၂.၀% | ကမ္ဘာ့အဆင့်မီစနစ်ဖြစ်ပြီး အများစုမှာ မြေအောက် ကေဘယ်လ်များဖြစ်၍ Technical Loss အလွန်နည်းသည်။ |
| ၂ | မလေးရှား | ၅.၀% – ၆.၅% | ဓာတ်အားလိုင်းနှင့် ခွဲရုံစနစ်များ အဆင့်မြင့်မားပြီး Smart Metering / SCADA စနစ်များ ထိရောက်စွာ ကျင့်သုံးသည်။ |
| ၃ | ဗီယက်နမ် | ၆.၀% – ၇.၀ % | EVN မှ စနစ်တကျ အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့သဖြင့် ၆.၀% – ၇.၀% လွန်ခဲ့သော ၁၀ နှစ်ကျော်က ၁၀ % အထက်ရှိခဲ့ရာမှ သိသိသာသာ လျှော့ချနိုင်ခဲ့သည်။ |
| ၄ | ထိုင်း | ၆.၅% – ၇.၅% | GAT/MEA/PEA တို့၏ စီမံခန့်ခွဲမှု ကောင်းမွန်ပြီး Transmission System ပိုမိုကြံ့ခိုင်သည်။ |
| ၅ | ဖိလစ်ပိုင် | ၈.၅% – ၁၀% | ကျွန်းစုနိုင်ငံဖြစ်သည့်အတွက် လိုင်းခွဲရခက်ခဲခြင်းနှင့် System Loss Cap မူဝါဒများဖြင့် ထိန်းချုပ်နေသော်လည်း ပျောက်ဆုံးမှုသင့်တင့်စွာရှိနေဆဲဖြစ်သည်။ |
| ၆ | အင်ဒိုနီးရှား | ၉.၀% – ၁၀.၅% | ကျွန်းပေါင်းများစွာသို့ ဓာတ်အားဖြန့်ဖြူးရသည့် စိန်ခေါ်မှုနှင့် ဝေဟင်လိုင်းများ ရှည်လျားခြင်းကြောင့် ပျောက်ဆုံးမှုရှိသည်။ |
| ၇ | လာအို | ၁၀.၀% – ၁၂.၀% | ရေအားလျှပ်စစ်အများအပြားထုတ်လုပ်ပြီး ဝေးလံခေါင်ဖျားဒေသများသို့ လိုင်းကြိုးရှည်များဖြင့် ဖြန့်ဖြူးရသောကြောင့် Technical Loss များသည်။ |
| ၈ | ကမ္ဘောဒီးယား | ၁၁.၀% – ၁၃.၀% | ဓာတ်အားလိုင်း ကွန်ရက်များကို အဆင့်မြှင့်တင်နေဆဲဖြစ်ပြီး မီတာနှင့် စီမံခန့်ခွဲမှုပိုင်း တိုးတက်ရန် လိုအပ်နေသေးသည်။ |
| ၉ | မြန်မာ | ၁၄.၀% – ၁၇.၀% | ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ဟောင်းနွမ်းခြင်းနှင့် မီတာမမှန်ခြင်း/ ဓာတ်အားခိုးယူမှုများ စသည့်စိန်ခေါ်မှုများ ရှိနေသည်။ |

ဇယားမှာ ဖော်ပြထားတဲ့ ရာခိုင်နှုန်းတွေက ၂၀၂၁ – ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ် (World Bank Data)၊ IEA နဲ့ ASEAN Centre for Energy (ACE) တို့က နောက်ဆုံး တရားဝင်ထုတ်ပြန်ထားတဲ့ အစီရင်ခံစာတွေ၊ Energy Balance စာရင်းဇယားတွေကို အခြေခံပြီး စုစည်းထားတဲ့ Average/Recent Target Data တွေ ဖြစ်ပါတယ်။

**(မှတ်ချက် – World Bank နှင့် IEA တို့၏ ကမ္ဘာလုံးဆိုင်ရာ တရားဝင် Data Indicator များသည် နိုင်ငံအလိုက် စာရင်းဇယားစေလွှတ်မှုအပေါ် မူတည်၍ ပုံမှန်အားဖြင့် နှစ်နှစ်ခန့် နောက်ကျပြီးမှ ပမာဏအတည်ပြု အပြီးသတ်ထုတ်ပြန်လေ့ရှိပါသည်။)**

**ဇယားမှာ ကြည့်ရတာတော့ မြန်မာနိုင်ငံအနေနဲ့ Technical Losses နဲ့ Non-Technical Losses နှစ်ခုစလုံးရဲ့ ဓာတ်အားပျောက်ဆုံးမှုကို လျှော့ချဖို့လိုတာတွေ့ရတယ်။ Technical Losses ဖြစ်ရတာကို နည်းနည်းရှင်းပြပါဦး။**

တပ်ဆင်ထားတဲ့ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနဲ့ စက်ပစ္စည်းတွေရဲ့ မူလအရည်အသွေး ကောင်းမွန်ခြင်းနဲ့လည်း သက်ဆိုင်မှုရှိပါတယ်။ သက်တမ်းကြာမြင့်လာမှု၊ ဝန်အားပိုမိုသုံးစွဲမှုတို့ကြောင့် ဓာတ်အားပျောက်ဆုံးမှု များလာခြင်းလည်း ဖြစ်ပါတယ်။ အသစ်တည်ဆောက်ခြင်း၊ အစားထိုးလဲလှယ်ခြင်းတွေ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိချက်အရ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။

**ထရန်စဖော်မာတွေက အသံတွေ မြည်နေတာ၊ ဓာတ်အားလိုင်းကြိုးတွေလျော့ပြီး မီးခတ်နေတာတွေ တွေ့ရတယ်။ ညနေပိုင်းမှာ ဖြစ်တာများတယ်။ ဘာကြောင့်လဲ။**

ပြောချင်တဲ့ အချက်ပါပဲ။ ထရန်စဖော်မာနဲ့ ဓာတ်အားလိုင်းတွေအနေနဲ့ ဝန်အား ၈၀ ရာခိုင်နှုန်းပဲ အများဆုံး အသုံးပြုလို့ရပါတယ်။ ဝန်အားပြည့်၊ ဝန်အားကျော်လွန်သုံးစွဲရင် ထရန်စဖော်မာနဲ့ လိုင်းတွေ အပူရှိန်မြင့်လာတယ်။ ထရန်စဖော်မာလောင်ခြင်း၊ လိုင်းကြိုးပြတ်ခြင်း၊ Fuse တွေပြတ်ခြင်း၊ Breaker တွေ လောင်ခြင်းတွေ ဖြစ်လာမယ်။ ဗို့အားတွေ ကျဆင်းမှုကြောင့် အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ အသုံးပြုရခက်လာမယ်။ မီးအားမြှင့်စက်တွေ သုံးလာရမယ်၊ မီးပျက်တာတွေများလာမှာ ဖြစ်ပါတယ်၊ လိုင်းကြိုးတွေ ပြတ်ကျရင်တော့ လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ အများပြည်သူတွေ လုပ်ငန်းခွင်က ပြန်ရောက်ပြီးချိန်ဖြစ်တဲ့ ညနေ ၅ နာရီကနေ ၈ နာရီအတွင်းမှာ ချက်ပြုတ်လျှော်ဖွပ်ရေတင် စတဲ့ လုပ်ငန်းတွေ တစ်ပြိုင်တည်း အသုံးပြုချိန်မှာ ဝန်အားကျော်လွန်တာတွေ ဖြစ်စေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## မကွေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မကွေး စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့အတွက် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီခွဲတွင် မကွေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးကြပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဝေငှပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေရုံး၊ အလုပ်သမားဆက်ဆံရေးရုံး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးနှင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အစဉ်တစိုက်ဂရုပြုဆောင်ရွက်ရန်၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

## လှိုင်ကော်တက္ကသိုလ် သန့်ရှင်းသာယာရေးနှင့် တက္ကသိုလ်ဘောလုံးကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်၊ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**လှိုင်ကော် စက်တင်ဘာ ၂၆**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်မြို့တော် လှိုင်ကော်အား မြို့အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာစေရေး အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ လှိုင်ကော်တက္ကသိုလ်ဝင်းအတွင်း ချုံမြက်များရှင်းလင်းခြင်း ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လှိုင်ကော်တက္ကသိုလ် ဘောလုံးကွင်းအတွင်း မြက်စိုက်ပျိုးခြင်း၊ မီတာ ၄၀၀ ပြေးလမ်း တည်ဆောက်ခြင်းနှင့် ရေဖျန်းစနစ် တပ်ဆင်ခြင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးကွင်း တည်ဆောက်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် နည်းစနစ်မှန်ကန်စွာ တည်ဆောက်ရန်၊ ရေဖျန်းစနစ် ရေရှည်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် သွေးလှူဒါန်းကြသည့် ကယားပြည်နယ်ရဲတပ်ဖွဲ့မှ သွေးလှူရှင် ၄၀ အား သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် အာဟာရဖြည့်စွက်စာများပေးအပ်၍ လှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ အာဟာရဖြည့်စွက်စာအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်ရေး စနစ်တကျဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



အစည်းအဝေးတွင် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို သဘာပတိကြီးက တက်ရောက်လာကြသော ကိုယ်စားလှယ်များထံတွင် အတည်ပြုရယူခဲ့သည်။

ဆက်လက်၍ တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေသူမြင့်က အသင်းအမှုဆောင်များအား ဥပဒေနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအသိပညာပေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဗဟန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရပ်ရွာအေးချမ်းသာယာရေးအတွက် အရေးပါသောအချက်များ၊ ပြည်သူများအနေဖြင့် သိသင့်သောဥပဒေများ၊ လိုက်နာရမည့် ဥပဒေများအကြောင်းနှင့် မှုခင်းများကျဆင်းစေရန်အတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများက ဥပဒေနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစီးသော ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းပြုလုပ်ပေးခြင်းကို စက်တင်ဘာ ၂၄ ရက်တွင် နောင်ပိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးရာ ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)



## လေးမျက်နှာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်

လေးမျက်နှာ စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အထက(လေးမျက်နှာ) စာသင်ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ယမန်နေ့နံနက်ပိုင်းက သန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၆) စစ်အခြေခံလေ့ကျင့်ရေးတပ်နည်းပြအရာရှိချုပ်ဦးစီး၍ တပ်မတော်သားများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစီး၍ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဧရာဦးသာ**



# ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇) အကြား နေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီး တစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံ ပြိုကျမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပဲ့ပြိုကျမှု ဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ်(၁၁/ ၅)နှင့် (၁၁/၆) အကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား (Geobags)အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile များတောင့်တင်းခိုင်မာစေရန်အတွက် (Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်းလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**မင်းလှ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ညောင်သုံးပင်အုပ်စု သပြေစမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



**စိုက်ပျိုးခဲ့**

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးတို့က သစ်ပင်စိုက်ပျိုးမည့် တာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ စုစုပေါင်းပျိုးပင် ၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



## တွံတေးမြို့နယ်သမဝါယမအသင်းနှင့် အမှုဆောင်ရွေးချယ်

**တွံတေး စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က တွံတေးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းများ၊ သက်တံ့ရောင်စီမံကိန်းနှင့် သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်နှင့် သမဝါယမဦးစီးဌာနက ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့အား အတည်ပြုဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဖွဲ့စည်းရေးကော်မတီမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ကျိုက်ထိုမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေး

**ကျိုက်ထို စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက မီးဘေးကာကွယ်ရေးပစ္စည်းများအား အဆင်သင့်ထားရှိရေး၊ မီးဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ် မထိခိုက်စေရေး ဆောင်ရွက်ရမည့်အချက်များနှင့် မီးလောင်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ် စသည်တို့ကို စစ်ဆေးအကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



## ဟင်္သာတခရိုင်၌ စားအုန်းဆီဖြန့်ဖြူးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး




**ဟင်္သာတ စက်တင်ဘာ ၂၆**

စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင်သည် ဟင်္သာတခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့်အတူ ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့နယ်တွင် သတ်မှတ်ရည်ညွှန်းဈေးဖြင့် စားအုန်းဆီဖြန့်ဖြူးနေမှုအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် စားသုံးသူပြည်သူများထံ ဆီစာအုပ်ဖြင့် စားအုန်းဆီဖြန့်ဖြူးရာတွင် အခြင်အတွယ် အလေးချိန် ပြည့်မီစေရေး၊ သတ်မှတ်ဈေးနှုန်းဖြင့် စနစ်တကျ ဖြန့်ဖြူးစေရေးကို ကွင်းဆင်းစိစစ်သည်။

ဆက်လက်၍ တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ်တွင်လည်း သတ်မှတ်ရည်ညွှန်းဈေးဖြင့် ပြည်သူများထံ စားအုန်းဆီဖြန့်ဖြူးနေမှုများကို ကွင်းဆင်းစိစစ်ပြီး စားသုံးသူပြည်သူများနှင့်တွေ့ဆုံ၍ ဆီဖြန့်ဖြူးမှု၊ ဝယ်ယူမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# အမေရိကန်-တရုတ် ထိပ်သီးဆွေးနွေးပွဲ ဝါရှင်တန်မြို့၌ ကျင်းပ



ဝါရှင်တန် စက်တင်ဘာ ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က ဝါရှင်တန်မြို့၌ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ယမန်နေ့က ကျင်းပသည်။

အဆိုပါတွေ့ဆုံမှုသည် မေလအတွင်း ထရမ့်၏ ပေကျင်းခရီးစဉ်နောက်ပိုင်း ၎င်းတို့နှစ်ဦးကြား ယခုနှစ်အတွက် ဒုတိယအကြိမ်မြောက် မျက်နှာချင်းဆိုင်ဆွေးနွေးမှုဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲမစတင်မီ သမ္မတထရမ့်က သမ္မတရှီကျင့်ဖျင်အား အိမ်ဖြူတော်၌ အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။ ယခုခရီးစဉ်သည် ၂၀၂၃ ခုနှစ်နောက်ပိုင်း တရုတ်သမ္မတ၏ ပထမဆုံးအကြိမ် အမေရိကန်ခရီးစဉ် ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးက အမေရိကန်သမ္မတ၏ ရုံးခန်း၌ ထိပ်သီးဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြသည်။ လုံခြုံရေး၊ နည်းပညာနှင့် အဆင့်မြင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အရေးကြီးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါကဏ္ဍများတွင် ၎င်းတို့ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များသည် လာမည့်ဆယ်စုနှစ်များစွာအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားသည်။

တရုတ်နှင့် အမေရိကန်တို့သည် နိုင်ငံအလိုက် မတူညီသော လက္ခဏာရပ်များ ရှိကြသော်လည်း ရင်းနှီးပွင့်လင်းပြီး နက်ရှိုင်းသည့် ဆွေးနွေးမှုများမှတစ်ဆင့် အပြန်အလှန် ပိုမိုနားလည်လာနိုင်သည့်အပြင် ကွဲပြားခြားနားချက်များကို ဘေးဖယ်ထားပြီး အပြန်အလှန်ယုံကြည်မှု တည်ဆောက်ကာ ဘုံသဘောတူညီချက်များကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

နှစ်နိုင်ငံစလုံးသည် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးရန်နှင့် ၎င်းနည်းပညာကို အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသအခြေအနေ၊ ယူကရိန်းပဋိပက္ခနှင့် ကိုရီးယားကျွန်းဆွယ်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

သမ္မတ ရှီသည် သမ္မတ ထရမ့်နှင့် တွေ့ဆုံပြီးနောက် ဝါရှင်တန်အနီးရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုမှ စက်တင်ဘာ ၂၅ ရက်တွင် ပေကျင်းမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

နှစ်နိုင်ငံအတွက် အပြုသဘောဆောင်သည့် ရလဒ်များဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ သမ္မတရှီကလည်း ယခုခရီးစဉ်သည် အလွန်ကောင်းမွန်ပြီး ကျေနပ်အားရမှုရှိကြောင်း ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် ဂျီ၂၀ ထိပ်သီးအစည်းအဝေးတွင် ထပ်မံတွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဒိန်းမတ်နိုင်ငံပိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဖြစ်သော ဂရင်းလန်းကျွန်းနှင့် သက်ဆိုင်သည့် လုံခြုံရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုး

ဝါရှင်တန် စက်တင်ဘာ ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒိန်းမတ်နိုင်ငံပိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေဖြစ်သော ဂရင်းလန်းကျွန်းနှင့် သက်ဆိုင်သည့် လုံခြုံရေး သဘောတူညီချက်တစ်ရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါကျွန်းကို အမေရိကန်က ပိုင်ဆိုင်သင့်ကြောင်း ထရမ့်က အကြိမ်ကြိမ် ပြောကြားခဲ့ဖူးသည်။

သမ္မတ ထရမ့်က အဆိုပါ သဘောတူညီချက်ကိုနယူးယောက်မြို့၌ ဒိန်းမတ်ဝန်ကြီးချုပ် မက်တာ ဖရက်ဒရစ်ဆင်နှင့် ဂရင်းလန်းဝန်ကြီးချုပ် ဂျန်းစ်ဖရက် ဒရစ် နီလ်ဆင်တို့နှင့်အတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန် ပြည်ထောင်စုက အာတိတ်ဒေသရှိ ဂရင်းလန်းကျွန်း၏ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် စစ်အခြေစိုက်စခန်းအသစ်နှစ်ခုကို တည်ဆောက်ခွင့်ရရှိမည်ဖြစ်သည်။

အမေရိကန်နှင့် ဂရင်းလန်းတို့ကြား နှစ်ဖက်လုံခြုံရေးကို ခိုင်မာစေပြီး ပူးတွဲကာကွယ်တားဆီးနိုင်စွမ်းကို မြှင့်တင်ပေးလိမ့်မည်ဖြစ်ကြောင်း ဂရင်းလန်းဝန်ကြီးချုပ် ဂျန်းစ်ဖရက်ဒရစ် နီလ်ဆင်က ပြောကြားသည်။

ထို့ပြင် ဂရင်းလန်းကျွန်းသည် မြောက်အမေရိကနှင့် အတ္တလန္တိတ်ဒေသဆိုင်ရာ လုံခြုံရေးအတွက် အရေးပါကြောင်း ၎င်းက ထောက်ပြပြောဆိုခဲ့သည်။




ဂရင်းလန်း ပြည်သူများနှင့် ဥရောပနိုင်ငံများက ထရမ့်၏ ပိုင်ဆိုင်လိုမှုဆိုင်ရာ တောင်းဆိုချက်များသည် နိုင်ငံ၏အချုပ်အခြာ အာဏာကို ထိပါးစော်ကားရာ ရောက်သည်ဟု ဝေဖန်ခဲ့ကြသည်။

ယခုလုံခြုံရေးသဘောတူညီချက်သည် အတ္တလန္တိတ်ဒေသတွင်း မဟာမိတ်နိုင်ငံအချို့နှင့် ဆက်ဆံရေးကို အကြီးအကျယ် တင်းမာစေခဲ့သည့် ရလဒ်နှင့်အတူ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက သတင်းဖော်ပြခဲ့သည်။

လက်မှတ်မရေးထိုးမီအချိန်က ထရမ့်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားရာ၌ အမေရိကန်၏ ရန်ဘက်နိုင်ငံမည်သည့်နိုင်ငံကိုမျှ ဂရင်းလန်းကျွန်းတွင် စစ်ရေးအရ ခြေကုပ်ယူခွင့်ပြုမည်မဟုတ်သလို၊ တရားဝင်စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရှိဘဲ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခွင့်ကိုလည်း ပေးအပ်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နီပေါနိုင်ငံ၌ ရေဘေးသင့်ပြည်သူများအား ဘေးကင်းလုံခြုံသောနေရာများသို့ ပြောင်းရွှေ့ပေး

ခတ္တမန္ဒူ စက်တင်ဘာ ၂၆

ပြီးခဲ့သည့်လက နီပေါနိုင်ငံ၌ အသက်ပေါင်းများစွာဆုံးရှုံးစေခဲ့သော ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် ရွှံ့ညွှန်စီးဆင်းမှုဒဏ်ခံခဲ့ရသည့် ပြည်သူများအား ဘေးကင်းလုံခြုံသောနေရာများသို့ ပြောင်းရွှေ့နေရာချထားလျက်ရှိကြောင်း ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ နီပေါအစိုးရ အရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။

စက်တင်ဘာ ၂၆ ရက်သည် နီပေါနှင့် တရုတ်နယ်စပ်ဒေသတွင် ဖြစ်ပွားခဲ့သော အဆိုပါ ဘေးအန္တရာယ်အတွက် တစ်လပြည့်မြောက်သည့်နေ့ ဖြစ်သည်။

မြစ်ကမ်းပါးတစ်လျှောက်နှင့် ဘေးအန္တရာယ်ဒဏ်ခံခဲ့ရသော အခြားဒေသများကို လူနေထိုင်ရန် မလုံခြုံသောနေရာများအဖြစ် ကြေညာရန် အစိုးရက စီစဉ်ထားကြောင်း အမျိုးသား ဘေးအန္တရာယ်ဆိုင်ရာ စွန့်စားရမှုလျှော့ချရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ အမှုဆောင်အရာရှိချုပ် ဒါရမ်ရာဂျ်ဘူပရာတီက ပြောကြားခဲ့သည်။ ထို့ပြင် ရေရှည်နေထိုင်နိုင်မည့် ဘေးကင်းလုံခြုံသော နေရာများကို ရွေးချယ်ခြင်းနှင့် ကျောင်းများ၊ ဆေးရုံများ၊ အခြားအဆောက်အအုံများကို ပြောင်းရွှေ့နေရာချထားရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပြောင်းရွှေ့နေရာချထားရေး လုပ်ငန်းစဉ်ကို လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း စတင်ဖွယ်ရှိပြီး တာဝန်ရှိသူများအနေဖြင့် ယာယီနေအိမ်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံထံမှ ပူးပေါင်းဆောင်ရွက်မှု ရယူရန်လည်း အစိုးရက ရည်ရွယ်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရေအားလျှပ်စစ်စက်ရုံ၏ ဥမင်လိုဏ်ခေါင်းများအတွင်း ပိတ်မိနေသည်ဟု ယူဆရသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမှာလည်း တစ်ပတ် သို့မဟုတ် နှစ်ပတ်အတွင်း ပြီးဆုံးနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုတ်တရက် ရေကြီးရေလျှံမှုများနှင့် ရွှံ့ညွှန်စီးဆင်းမှုများကြောင့် နီပေါနိုင်ငံတွင် လူပေါင်း ၁၄၅၃ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၅၆၀၀ ကျော် ပျောက်ဆုံးလျက်ရှိသည်။ တရုတ်နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြချက်အရ တရုတ်နိုင်ငံတွင် လူပေါင်း ၄၃ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၅၁၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်က အီရန် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို ပိတ်ဆို့အရေးယူမှုအသစ်များ ချမှတ်

တီဟီရန် စက်တင်ဘာ ၂၆

အမေရိကန် ပြည်ထောင်စုက အီရန်၏လေကြောင်းပို့ဆောင်ရေးကဏ္ဍကို ပစ်မှတ်ထား၍ ပိတ်ဆို့အရေးယူမှုအသစ်များ ချမှတ်ခဲ့ပြီး အခြားနိုင်ငံများကလည်း ၎င်းတို့၏ လေဆိပ်များတွင် အီရန်လေကြောင်းလိုင်းများ၏ ပျံသန်းမှုကို ရပ်ဆိုင်းခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။

အာရပ် စော်ဘွားများ ပြည်ထောင်စုက စက်တင်ဘာ ၂၄ ရက်တွင် အဆိုပါအစီအမံကို စတင်ကျင့်သုံးခဲ့ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်သည်အထိ ဆက်လက်ထားရှိမည် ဖြစ်ကြောင်း သိရသည်။ ဂျော်ဂျီယာ၊ အဇာဘိုင်ဂျန်၊ အိုမန်နှင့် အီရတ်နိုင်ငံတို့တွင်လည်း အီရန်လေကြောင်း ခရီးစဉ်များ ရပ်ဆိုင်းခံထားရကြောင်း အီရန်သတင်းဌာနတစ်ခုက ဖော်ပြထားသည်။

အမေရိကန်က စက်တင်ဘာလ ၈ ရက်နေ့တွင် ပိတ်ဆို့အရေးယူမှုအသစ်များကို ကြေညာခဲ့ခြင်းဖြစ်သည်။ အီရန်လေကြောင်းလိုင်းများနှင့် စီးပွားရေးလုပ်ကိုင်နေသည့် ကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးစနစ်နှင့် အဆက်အသွယ် ပြတ်တောက်သွားနိုင်သည့် အန္တရာယ်ရှိနေကြောင်း ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆန့်က ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားပြီး ကြံ့ကြံ့ခံရပ်တည်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ ပီဇက်ရှ်ကီရမ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တူကီယဲနိုင်ငံ၌ အိုင်အက်စ်စစ်သွေးကြွ သံသယရှိသူ ၈၃ ဦးအား ဖမ်းဆီးထိန်းသိမ်း

အန်ကာရာ စက်တင်ဘာ ၂၆

တူကီယဲနိုင်ငံတစ်ဝန်းရှိပြည်နယ် ၂၈ ခုတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ပစ်မှတ်ထားလုပ်ဆောင်သော စစ်ဆင်ရေးများအတွင်း သံသယရှိသူ ၈၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ စစ်ဆင်ရေးများကို စစ်ဘက်ဆိုင်ရာရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနခွဲနှင့် ဒေသဆိုင်ရာ ပြည်သူ့ရှေ့နေချုပ်ရုံးများတို့ ပူးပေါင်းကာ ပြည်နယ်အဆင့်တပ်ဖွဲ့များက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသူများတွင် အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူများ၊ ဆက်စပ်ပုဂ္ဂိုလ်များနှင့် အကူအညီပေးရေးအဖွဲ့ဟု ဆိုထားသော အဖွဲ့အစည်းများမှတစ်ဆင့် အဆိုပါအဖွဲ့အား ငွေကြေးထောက်ပံ့သည်ဟု စွပ်စွဲခံရသူများနှင့် ဆိုရှယ်မီဒီယာအကောင့်များမှတစ်ဆင့် အဖွဲ့အတွက် ဝါဒဖြန့်ချိမှုများ ပြုလုပ်သည်ဟု စွပ်စွဲခံရသူများ ပါဝင်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

သံသယရှိသူများ၏ ကိုယ်ရေးအချက်အလက်များ သို့မဟုတ် ၎င်းတို့အပေါ် တရားဝင်စွဲချက်တင်ထားခြင်း ရှိ၊ မရှိနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ ဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခြင်းမရှိပေ။

အိုင်အက်စ်အဖွဲ့၏ လှုပ်ရှားမှုများနှင့် ငွေကြေးကွန်ရက်များကို ဆန့်ကျင်တိုက်ဖျက်သည့် စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

တူကီယဲနိုင်ငံက အိုင်အက်စ်အဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည်။ ၎င်းအချိန်မှစ၍ အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်မှုရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကို မကြာခဏ ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**







## လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ၌ သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်



လေးမျက်နှာ စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက်က ဝေနံတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် ဒေသခံပြည်သူများအား ရေပြန်လည်ကျဆင်းသွားသည့် ကျေးရွာများသို့ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေများ ရရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စက်တင်ဘာ ၂၄ ရက်က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၊ ဟင်္သာတခရိုင် ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက အိုင်သပြုကျေးရွာသို့ကွင်းဆင်းစစ်ဆေး၍ တွင်းနက်စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ကလိုရင်းခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဘာသာရေး အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ငါးသိုင်းချောင်း စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားကာ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ငါးသိုင်းချောင်းမြို့ သံဃဒါနဆွမ်းလောင်းအသင်း၊ ဗလီကျောင်းအစ္စလာမ်အဖွဲ့၊ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းနှင့် ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

## အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၆

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အင်းစိန်ခရိုင် ခေတ္တဦးစီးမှူးက ခွေးရူးပြန်ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်နှင့် ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မှုများကို လည်းကောင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဘက်စုံသားဖွားဆရာမက ခွေးရူးမှတစ်ဆင့် လူသို့ ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်ရေး အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ခွေးရူးရောဂါ အသိပညာပေး လက်ကမ်း စာစောင်များကို ကျောင်းသား ကျောင်းသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)



## ကျောင်းကုန်းမြို့၌ ရေကောင်းရေသန့်ရရှိစေရေး ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်

ကျောင်းကုန်း စက်တင်ဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ပြီး ရေပြန်ကျသောကျေးရွာများရှိ လက်နှိပ်တုံတင်များနှင့် စက်ရေတွင်းများအား ယမန်နေ့နံနက်ပိုင်းတွင် သဲကုန်ကျေးရွာ၌ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရပ်ကွက်လေးခုနှင့် ကျေးရွာခွဲ ၁၆ ရွာတို့အား ရေကောင်းရေသန့်ရရှိစေရေးအတွက် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)

## သာယာဝတီမြို့နယ်၌ ဆာဖိုးသာ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

သာယာဝတီ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သာယာအေးကျေးရွာတောင်သူ ဦးချစ်ကို၏ လယ် ၁၀ ဧက၌ ဆာဖိုးသာမိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသခံပြည်သူများ တက်ရောက်ကြပြီး ခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၁၂၇ ဒသမ ၆၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## အုတ်တွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အုတ်တွင်း စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၁၄၈/၅ နှင့် ၁၄၉/၀)မိုင်ကြား၌ ကျင်းပသည်။

အခမ်းအနားသို့ အုတ်တွင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများနှင့်တဲကြီးကုန်းကျေးရွာမှ ရပ်မိရပ်ဖများ စုစုပေါင်း ၂၅၀ တို့ တက်ရောက်၍ ပျဉ်းမပင် ၁၅၀ နှင့် ခရေပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ခင်ခင်မာ(ပြန်/ဆက်)

# တော်သလင်းလပြည့်နေ့တွင် ပုဂံယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားများဖြင့် စည်ကား



**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာ ပုဂံယဉ်ကျေးမှုနယ်မြေ၌ ယနေ့ တော်သလင်းလပြည့်နေ့တွင် ခရီးသွားများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"ပုဂံကို ခရီးသွားတွေ အများအပြားလာကြတာ မြင်တော့ ဒေသခံတွေအနေနဲ့ ဝမ်းသာကြည်နူးရတယ်။ သီတင်းကျွတ် ခရီးသွားရာသီလည်း ရောက်တော့မှာဆိုတော့ ပုဂံရဲ့ ခရီးသွားလုပ်ငန်း အသက်ဝင်လာပြီလို့ ပြောရမှာပါ။ ပုဂံမှာ အေးချမ်းပါတယ်။ ရာသီဥတုလည်း ကောင်းမွန်တဲ့အတွက် ခရီးသွားတွေ လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ထီးလို မင်းလိုဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ယနေ့ တော်သလင်းလပြည့်နေ့တွင် မနူဟာဘုရားတွင်လည်း ဆွမ်း၊ ဆီမီး၊ သစ်သီး ဆက်ကပ်ခြင်းဖြင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားခဲ့ပြီး ဒေသခံများကလည်း အရုပ်မျိုးစုံ သရုပ်ဖော်ပြုလုပ်၍ အတီးအမှုတ်များဖြင့် ဘုရားတွင် ကုသိုလ်ပြုလှည့်လည်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ အထင်ကရဘုရား၊ စေတီများသို့ ခရီးသွားများ လာရောက်ခဲ့ကြပြီး ရွှေစည်းခုံစေတီတော်သို့ ခရီးသွား ၁၂၀၀၀ ကျော်၊ ဗူးဘုရားသို့ ခရီးသွား ၆၂၀၀ ကျော်၊ ထီးလိုမင်းလို ဘုရားသို့ ခရီးသွား ၁၅၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားများ လာရောက်လည်ပတ်သည့်အခါ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာသည့်အတွက် လာမည့်ခရီးသွားရာသီတွင် ပြည်တွင်း ပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ရန် ဒေသခံများက နွေးထွေးလှိုက်လှဲစွာ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

## ပုသိမ်မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**ပုသိမ် စက်တင်ဘာ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ကန်သုံးဆင့် ဟစ်တိုင်ကွင်း၌ သန့်ရှင်း သာယာလှပရေး ဆောင်ရွက် နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများနှင့်အဖွဲ့သည် ပုသိမ်မြို့ ကန်သုံးဆင့် ဟစ်တိုင်ကွင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အပတ်စဉ် သန့်ရှင်းရေး ဆောင်ရွက်ခြင်းများ အပြင် နေ့စဉ်သန့်ရှင်းသပ်ရပ်မှု ရှိစေရေးကိုလည်း အလေးထား လိုက်နာ ဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲယာများတွင် အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်း သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဆောင်၍ ခရိုင်လုံခြုံရေးတပ်ခွဲမှူး ရဲမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများ၊ ခရိုင်ရုံး/ခရိုင်လုံခြုံရေးတပ်ခွဲ၊ မြို့နယ်ရဲတပ်မှူးရုံး/ရဲစခန်းများမှ တပ်ဖွဲ့ဝင်များက ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၂၅ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။ နေဝင်းမြင့်(ပြန်/ဆက်)



## သန်လျင်ခရိုင်၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး အိမ်သွယ်ရေပိုက်လိုင်း သွယ်တန်းခြင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပီလခတ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် San Thone Nadi Co.,ltd. မှတာဝန်ယူဆောင်ရွက်သော အမြင့်တင်ရေစင်နှင့် အိမ်တိုင်ရာရောက် အိမ်သွယ်ရေပိုက်လိုင်း သွယ်တန်းခြင်းဆောင်ရွက်နေမှုကို ယနေ့နံနက်တွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သန်လျင်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာပြီး သန့်ရှင်းသောသောက်သုံးရေရရှိရန် အိမ်သွယ်ရေတိုင်စနစ်အား ကျေးရွာ ၄၈ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများနှင့် ပူးပေါင်း၍ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက ကော့မှူးမြို့နယ် ဘို့ဒင်ကျေးရွာ သာသနာ့ရက္ခိတာရာမ ကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက မူခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ မြို့နယ်လျှပ်စစ်မန်နေဂျာက လျှပ်စစ်ကဏ္ဍအကြောင်း၊ မြို့နယ် ဆရာဝန်ကြီးက ကျန်းမာရေးကဏ္ဍ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်ပညာရေးမှူးက ပညာရေးကဏ္ဍဖွံ့ဖြိုးရေး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)က ယခုနှစ်အတွင်း ဝန်ကြီးဌာန၏မူဝါဒနှင့် ကျေးလက်လမ်း/တံတားများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်၊ မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂)က လမ်းဦးစီးဌာနအကြောင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ဖြူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖြူး စက်တင်ဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၆ ရက်က ရန်ကုန် - မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၁၂၁/၁ နှင့် ၁၂၁/၂)မိုင်ကြား ကျီးမနိုးကျေးရွာအုပ်စု၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဖြိုးမင်းဟန်၊ တောအုပ်ကြီးများနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ကံ့ကော်နှင့် ခရေ စုစုပေါင်းပျိုးပင် ၃၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ပြည်သူ့ဝန်ဆောင်မှု အရည်အသွေးမြင့်မားရေး

သိုက်စိုးထွန်း(နတ်ရွာ)

ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ အရည်အသွေးတိုးတက်မြင့်မားလာစေချင်ရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ အစိုးရတစ်ရပ်ပေါ်ထွန်းလာစေဖို့အတွက် အထွေထွေရွေးကောက်ပွဲတွေ ကျင်းပဆောင်ရွက်ကြပါတယ်။ ပြည်သူလူထုက တင်မြှောက်လိုက်တဲ့ ရွေးကောက်ခံအစိုးရက ပြည်သူ့ရေးရာမူဝါဒတွေကိုချမှတ်၊ လမ်းညွှန်တယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ဖွဲ့စည်းထားတဲ့ ဗျူရိုကရေစီယန္တရားက နိုင်ငံတော်အစိုးရရဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေကို ဥပဒေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရပါတယ်။

အစိုးရတစ်ရပ်အနေနဲ့ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်မောင်းနှင်ရတဲ့အခါမှာ အစိုးရမဖြစ်ခင်ကပေးခဲ့တဲ့ ကတိကဝတ်တွေ၊ တစ်နည်းအားဖြင့် ရွေးကောက်ပွဲကြေညာစာတမ်းမှာဖော်ပြခဲ့တဲ့ အချက်အလက်တွေ၊ မဲဆွယ်စည်းရုံးစဉ်ကာလမှာပေးခဲ့တဲ့ကတိကဝတ်တွေကို မဖြစ်မနေထည့်သွင်းပြီး အကောင်အထည်ဖော်လေ့ရှိကြတယ်။ ဒါမှသာ မဲဆန္ဒရှင်ပြည်သူတွေကလည်း ကတိတည်တဲ့အစိုးရတစ်ရပ်ရယ်လို့ ယုံကြည်လက်ခံပြီး နောက်ထပ်သက်တမ်းတွေအတွက်လည်း ဆက်ပြီး ထောက်ခံဆန္ဒမဲပေးကြမှာပါ။

အစိုးရဆိုတာကတော့ ရွေးကောက်ပွဲမှာ ထောက်ခံဆန္ဒမဲအလုံအလောက်ရလို့ တစ်ပါတီတည်း လွတ်လွတ်ကျွတ်ကျွတ် ဖွဲ့စည်းနိုင်တဲ့ အစိုးရမျိုးလည်းရှိတယ်။ ဒီလိုမဟုတ်ဘဲ အနိုင်ရပါတီကြီး နှစ်ခုပဲဖြစ်ဖြစ်၊ သုံးလေးခုပဲဖြစ်ဖြစ် ညှိနှိုင်းဆွေးနွေးပြီး ညွန့်ပေါင်းအစိုးရပုံစံဖွဲ့စည်းကြရတာမျိုးလည်းရှိတယ်။ နောက်ထပ်တစ်မျိုးက ကိုယ့်တစ်ပါတီတည်း လွတ်လွတ်ကျွတ်ကျွတ်အစိုးရဖွဲ့နိုင်ပေမယ့် ညီညွတ်ရေးကိုရှေးရှုပြီး တခြားမိတ်ဖက်ပါတီတွေနဲ့အတူ ညွန့်ပေါင်းအစိုးရဆန်ဆန်ဖွဲ့စည်းကြတာမျိုးလည်း ရှိတတ်သေးတယ်။ ညွန့်ပေါင်းအစိုးရဆိုရင်တော့ ပြည်သူ့ရေးရာမူဝါဒချမှတ်ချိန်မှာ ညွန့်ပေါင်းအစိုးရတို့ရဲ့သဘောသဘာဝအတိုင်း အားလုံးတိုင်ပင် ဆွေးနွေးညှိနှိုင်းပြီး ချမှတ်ကြရမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲကတိကဝတ်တွေကို အစိုးရဖြစ်လာချိန်မှာ အကောင်အထည်ဖော်ကြရတာကတော့ အစဉ်အလာပါပဲ။

### ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ဗျူရိုကရေစီယန္တရားကပဲ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်

စောစောကပြောခဲ့တဲ့အတိုင်း အစိုးရတစ်ရပ်က ပြည်သူ့ရေးရာမူဝါဒတွေကို ချမှတ်၊ အကောင်အထည်ဖော်ရာမှာ အစိုးရအဖွဲ့မှာပါဝင်တဲ့ပုဂ္ဂိုလ်တွေက ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်တဲ့ပမာဏ အတိုင်းအတာ၊ အကန့်အသတ်ရှိပါတယ်။ အများအားဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ ဗျူရိုကရေစီယန္တရားကပဲ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရတာပါ။ မူဝါဒချမှတ်၊ လမ်းညွှန်တဲ့အပိုင်းကို နိုင်ငံတော်အစိုးရကတာဝန်ယူ၊ ချမှတ်လမ်းညွှန်လိုက်တဲ့ မူဝါဒတွေ အကောင်အထည်ဖော်တဲ့အပိုင်းကို ဗျူရိုကရေစီယန္တရားက တာဝန်ယူ၊ ဒီလိုသဘောတရားပါ။ ရထားတစ်စင်းနဲ့ဥပမာတင်ရရင်တော့ အစိုးရက ခေါင်းတွဲနဲ့တူပြီး ဝန်ထမ်းအဖွဲ့အစည်းက နောက်တွဲတွေနဲ့တူတာပေါ့။ ခေါင်းတွဲဆွဲရာနောက်ကို ဖြောင့်ဖြောင့်တန်းတန်း လိုက်ပါကြရမှာပေါ့။

ရွေးကောက်ခံအစိုးရက သက်တမ်းတစ်ခုပြည့်တိုင်းပြည့်တိုင်း ရွေးကောက်ပွဲတစ်ခုပြန်ကျင်းပရတဲ့အတွက် အခါအားလျော်စွာ အပြောင်းအလဲဖြစ်နေတယ်။ လေးနှစ်၊ ငါးနှစ် စသည်အားဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီက ကျင့်သုံးတဲ့စနစ်အပေါ်မူတည်ပြီး သက်တမ်းကာလ ကွာကြတာပေါ့။ တူတာကတော့ သက်တမ်းတစ်ခုပြည့်သွားတိုင်း ရွေးကောက်ပွဲတစ်ခုပြန်ကျင်းပရတဲ့ကိစ္စ။ ရွေးကောက်ပွဲတစ်ပွဲပြီးတိုင်း အစိုးရက အသစ်အသစ်ပြောင်းပြောင်းသွားတာ။ ပါတီတစ်ခုတည်းကပဲ ဆက်တိုက်အနိုင်ရတယ်ဆိုဦးတော့ အစိုးရအဖွဲ့ဝင်တွေက အမြဲတမ်း ဒီလူနဲ့ဒီလူ ဆိုတာမျိုးချည်းဖြစ်မနေဘူး။ ဒီမိုကရေစီအစိုးရက အပြောင်းအလဲအမြဲရှိနေတယ်ဆိုပေမယ့် ဗျူရိုကရေစီယန္တရားကျတော့ ဒီလိုမဟုတ်တော့ဘူး။ အငြိမ်းစားမယူမချင်း၊ နုတ်ထွက်မှုမပြုမချင်း၊ ထုတ်ပယ်မှုမခံရမချင်း ဒီယန္တရားထဲမှာတည်မြဲနေတယ်။ အစိုးရပြောင်းသွားပေမယ့် ဝန်ထမ်းယန္တရားက မပြောင်းဘူးပေါ့။

ဗျူရိုကရေစီယန္တရားကအမြဲရှိပြီး တက်လာတဲ့အစိုးရကချမှတ်လိုက်တဲ့ ပြည်သူ့ရေးရာမူဝါဒတွေကို အကောင်အထည်ဖော်ဖို့တာဝန်ရှိနေတာပါ။ ကာကွယ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည်အားဖြင့် ကဏ္ဍအားလုံးအတွက် အကောင်အထည်ဖော်ဖို့ သူ့ဌာန၊ သူ့အဖွဲ့အစည်းနဲ့သူ တာဝန်ပိုင်းခြားသတ်မှတ်ထားတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ တာဝန်ရှိနေကြတာပါ။

အကောင်အထည်ဖော်တဲ့အပိုင်းကို ဗျူရိုကရေစီယန္တရားက တာဝန်ယူရတယ်ဆိုပေမယ့်လည်း သူ့ချည်းသက်သက်လွှတ်ထားလို့တော့ မရနိုင်ပြန်ဘူး။ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေတွေကို ထိန်းကျောင်းကြပ်မတ်ပေးဖို့ လိုအပ်ပါတယ်။ အများအားဖြင့်တော့ နိုင်ငံတော်အစိုးရဘက်ကပဲ ဖြစ်ဖြစ်၊ ပြည်သူလူထုကပဲဖြစ်ဖြစ် ဗျူရိုကရေစီယန္တရားရဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေအပေါ်မှာ အားမလိုအားမရဖြစ်တတ်ကြတာပါပဲ။ အားမရတဲ့ကိစ္စကတော့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ အရည်အသွေးနဲ့ပတ်သက်ပြီး ဖြစ်တတ်ကြတာပါ။ မျှော်မှန်းထားတဲ့ အရည်အသွေးနဲ့ လက်တွေ့သိမြင် ခံစားရတဲ့အရည်အသွေး၊ ဒီနှစ်ခုကြားမှာ ကွာဟချက်ကြီးမားလာတဲ့အခါ အားမရတဲ့စိတ်တွေ ဖြစ်လာတတ်ကြတာပါပဲ။

နိုင်ငံတော်အစိုးရဘက်ကပဲဖြစ်ဖြစ်၊ ပြည်သူလူထုဘက်ကပဲဖြစ်ဖြစ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ အရည်အသွေးကို မြှင့်တင်လိုတဲ့ဆန္ဒရှိကြတယ်။ ဆန္ဒရှိပေမယ့်လက်တွေ့အကောင်အထည်ဖော်ရာမှာတော့ နက်နဲကျယ်ပြန့်နေတတ်ပါတယ်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ကိုယ်လုပ်ချင်တာတစ်ခုခုကို ကောက်ကာငင်ကာထလုပ်လိုက်ရသလိုတော့ မလွယ်ဘူးပေါ့။

> HR သမားတွေက HR ဆိုင်ရာ သဘောတရားတွေကို ဘယ်လိုနားလည်လက်ခံထားကြသလဲ၊ ဘယ်လောက်အထိ ထဲထဲဝင်ဝင် လေ့လာထားကြသလဲ၊ နားလည်ထားတဲ့ သဘောတရားတွေကိုရော ဘယ်အတိုင်းအတာအထိ လက်တွေ့ကျင့်သုံးနေကြသလဲ၊ သူတို့ကိုယ်နှိုက်မှာရော လုပ်ပိုင်ခွင့်တွေ ဘယ်အတိုင်းအတာအထိ ရှိနေကြသလဲ စသည်အားဖြင့် လူအနည်းစုလေးပဲရှိတဲ့ HR ပိုင်းကို အာရုံစိုက်နိုင်ပြီဆိုရင် သူတို့နားလည်ထားရမယ့် သဘောတရားရေးရာတွေကို ကျေညက်အောင်၊ HR ဆိုင်ရာ အတတ်ပညာ၊ အသိပညာတွေနဲ့ပြည့်စုံအောင်၊ လက်တွေ့ကျကျ ကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးမယ်ဆိုရင် ဗျူရိုကရေစီယန္တရားကြီးတစ်ခုလုံးက အရှိန်အဟုန်ကောင်းကောင်းနဲ့ ထိထိရောက်ရောက် လည်ပတ်လာနိုင်စေမှာပါ

သိကြတဲ့အတိုင်း ဗျူရိုကရေစီယန္တရားမှာက ဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ ဦးစီးဌာန၊ လုပ်ငန်း စသည်အားဖြင့် အဖွဲ့အစည်းတွေအများကြီးရှိနေကြတာ။ ဒီအဖွဲ့အစည်းတွေကလည်း နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့်၊ အခြေခံအဆင့် စသည်အားဖြင့် အလွှာပေါင်းစုံ ရှိနေသလို ဝန်ထမ်းဦးရေအားဖြင့်လည်း အများကြီးရှိနေကြတာ။ ဒီလို အများကြီးရှိနေကြတဲ့ ဗျူရိုကရေစီယန္တရားကို အစိုးရတာဝန်ရှိသူတွေအနေနဲ့ တစ်ဦးချင်း တစ်ယောက်ချင်းကို အသေးစိတ်လိုက်ပြီးညွှန်ကြားနေဖို့ မလွယ်ပါဘူး။ တစ်ဦးချင်းဆီမှာ သူ့ဘာသာရပ်နဲ့သူ၊ သူ့နယ်ပယ်နဲ့သူ၊ သူ့အတွေ့အကြုံနဲ့သူ ကျွမ်းကျင်ကြတာကိုး။ လူတစ်ယောက်က ဘာသာရပ်နယ်ပယ်အားလုံးမှာ ကျွမ်းကျင်နေဖို့ မဖြစ်နိုင်ပါဘူး။ သူ့အကန့်အသတ်နဲ့သူရှိကြတာပါ။ ဒါဆိုဗျူရိုကရေစီယန္တရားကို ဒီမိုကရေစီအစိုးရရဲ့အလိုကျမောင်းနှင်နိုင်ဖို့ မဖြစ်နိုင်တော့ဘူးလား။ 'အနာသိရင်ဆေးရှိ'ဆိုသလို နည်းလမ်းတွေကတော့ ရှိနေပါတယ်။

နိုင်ငံတော်မူဝါဒတွေကို ထပ်ဆင့်ရှင်းလင်းတာ၊ လေ့ကျင့်သင်တန်းပေးတာ၊ တိတိကျကျ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကြပ်မတ်ညွှန်ကြားတာ၊ လိုက်နာဖို့ပျက်ကွက်ရင် အပြစ်ပေးအရေးယူတာ စသည်အားဖြင့် သင့်လျော်သလိုဆောင်ရွက်ကြတယ်။

### လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် မှန်မှန်ကန်ကန်လည်ပတ်နေဖို့ အသက်တမျှအရေးကြီး

တကယ်တော့ ဗျူရိုကရေစီယန္တရားကို အကောင်းဆုံး ထိန်းကျောင်းကြပ်မတ်နိုင်မယ့် နည်းလမ်းတစ်ခုရှိပါတယ်။ ဒါကတော့ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနယ်ပယ်ကို အာရုံစိုက်တဲ့နည်းပါ။ အများပြည်သူဆိုင်ရာအဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကအဖွဲ့အစည်းပဲဖြစ်ဖြစ် ဒီအဖွဲ့အစည်းထဲကလူတွေကို ဘယ်လိုဘယ်ပုံစီမံခန့်ခွဲနေသလဲဆိုတဲ့ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် မှန်မှန်ကန်ကန် လည်ပတ်နေဖို့ကိစ္စက အသက်တမျှအရေးကြီးပါတယ်။ တချို့အဖွဲ့အစည်းတွေက ထိရောက်အောင်မြင်မှုရှိတယ်၊ တချို့အဖွဲ့အစည်းတွေက အဖွဲ့အစည်းရဲ့ မူလရည်မှန်းချက်တစ်ခုနှစ်ခုကိုတောင်မှ ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်နေကြတယ်။ ဒီကိစ္စတွေရဲ့ ပင်မအရင်းခံအကြောင်းတရားက လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုအရည်အသွေးပဲ ဖြစ်ပါတယ်။

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုတာက အဖွဲ့အစည်းတစ်ခုကို ဘယ်ရည်ရွယ်ချက်ကြောင့် ဖွဲ့စည်းထားသလဲဆိုတဲ့အချက်ပေါ်မူတည်ပြီး ဘယ်လိုအရည်အချင်းရှိတဲ့လူတွေကို အဖွဲ့အစည်းဝင်အဖြစ် ရွေးချယ်ခန့်အပ်မလဲ၊ ရွေးချယ်ခန့်အပ်ပြီးတဲ့သူတွေကို ဘယ်လိုဘယ်ပုံလေ့ကျင့်သင်ကြားမလဲ၊ တစ်ဦးချင်းစီအတွက် လုပ်ငန်းတာဝန်တွေကို ဘယ်လိုခွဲဝေပိုင်းခြားသတ်မှတ်မလဲ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတွေကို ဘယ်လိုစောင့်ကြည့်ထိန်းကျောင်းမလဲ၊ စွမ်းဆောင်ရည်အညွှန်းကိန်းတွေဘယ်လိုသတ်မှတ်မလဲ၊ အကဲဖြတ်စစ်ဆေးမှုစနစ်တွေကို ဘယ်လိုတည်ဆောက်ထားမလဲ၊ သတင်းအချက်အလက်တွေကို ဘယ်လိုရယူစုဆောင်းမလဲ၊ စုဆောင်းရရှိတဲ့ အချက်အလက်တွေကို ဘယ်လိုခွဲခြမ်းစိတ်ဖြာစိစစ်သုံးသပ်မလဲ၊ အားနည်းချက်၊ အားသာချက်တွေရှိလာတဲ့အခါ ဘယ်လိုအသိပေးဆွေးနွေးမှုတွေပြုမလဲ၊ ဆက်ဆံရေးစနစ်တွေ၊ ဆက်သွယ်ရေးနည်းလမ်းတွေ ဘယ်လိုတည်ဆောက်မလဲ၊ ကြိုးစားအားထုတ်လိုစိတ်တွေ အမြဲဖြစ်ပေါ်နေအောင်ဘယ်လိုမက်လုံးတွေပေးမလဲ၊တော်တဲ့သူတွေကိုဘယ်လိုဆုပေးမလဲ၊ ရှော်တဲ့သူတွေကို ဘယ်လိုဒဏ်ပေးမလဲ၊ လုပ်ခလစာနဲ့ ခံစားခွင့်စနစ်တွေကို ဘယ်လိုတည်ဆောက်ထားမလဲ၊ သက်သာချောင်ချိရေးအစီအစဉ်တွေဘယ်လိုဖန်တီးပေးမလဲ၊ မကျေနပ်ချက်တွေ၊ အခက်အခဲပြဿနာတွေပေါ်ပေါက်လာရင် ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ စတဲ့စည်းကမ်းနည်းလမ်းတွေသတ်မှတ်ပြီး တစ်ဦးချင်းစီရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးမှသည် အဖွဲ့အစည်းတစ်ခုလုံးရဲ့ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ဖို့ ထိန်းကျောင်းမောင်းနှင်တဲ့စနစ်တစ်ရပ်လို့ ဆိုနိုင်ပါတယ်။

ဒီစနစ်မှန်မှန်ကန်ကန်လည်ပတ်နေပြီဆိုရင် များပြားရှုပ်ထွေးလှတဲ့ ဗျူရိုကရေစီယန္တရားဝင် တစ်ဦးချင်းစီကို တစ်ဦးချင်းတစ်ယောက်ချင်း လိုက်ကြည့်နေဖို့မလိုတော့ပါဘူး။ ဒီစနစ်မှန်ကန်နေပြီဆိုရင် အစိုးရကိုအထောက်အကူပြုနေတဲ့၊ အစိုးရရဲ့ခြေတံလက်တံတွေနဲ့တူတဲ့ ဝန်ထမ်းအဖွဲ့အစည်းရဲ့ လုပ်ငန်းစွမ်းဆောင်ရည်တွေကလည်း နိုင်ငံတော်အစိုးရအလိုကျ၊ ပြည်သူလူထုအလိုကျပုံစံမျိုးအတိုင်း အမြဲရှိနေနိုင်ပါပြီ။

ချမှတ်လိုက်တဲ့ပြည်သူ့ရေးရာမူဝါဒတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့အတွက် ဗျူရိုကရေစီယန္တရားထဲမှာ ကျင့်သုံးနေတဲ့ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်ကြီးကိုအာရုံစိုက်ဖို့လိုတာကတော့ ဟုတ်ပြီ၊ ဒီစနစ်ကိုယ်နှိုက်ကလည်း ရှုပ်ထွေးနက်နဲနေတာဆိုတော့ စနစ်မှန်အောင် အာရုံစိုက်ရတာက လွယ်ပါ့မလားလို့မေးလာရင် သိပ်မခက်လှပါဘူးလို့ပဲဖြေရမှာပါ။

### ငါးပုံတစ်ပုံလောက်ကိုပဲ အာရုံစိုက်လိုက်ရင် လုံလောက်ပါပြီ

Vilfredo Pareto ရဲ့ Pareto Principle တစ်နည်းအားဖြင့် 80/20 Rule အရဆိုရင် အရာအားလုံးကို လိုက်ပြီးအာရုံစိုက်နေဖို့မလိုပါဘူး။ အဓိကကျတဲ့ ၂၀ ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့် ငါးပုံတစ်ပုံလောက်ကိုပဲ အာရုံစိုက်လိုက်ရင် လုံလောက်ပါပြီ။ ကျန်တဲ့လေးပုံက အလိုလိုပါလာမှာပါ။ တကယ်တော့ ဗျူရိုကရေစီယန္တရားမှာ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ပတ်သက်လို့ လက်တွေ့ကျကျ စီမံခန့်ခွဲနေတဲ့သူက

စာမျက်နှာ ၁၉ သို့ ☆




ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တိတ်တိတ်လေးသွားကိုင်ကြည့်ခဲ့တယ်နှင့် သုတ ရသစာစုများ




ဆရာမမို့(သဲကုန်း)၏တိတ်တိတ်လေး သွားကိုင်ကြည့်ခဲ့တယ်နှင့် သုတ ရသစာစုများစာအုပ် ပထမအကြိမ်ပုံနှိပ်ခြင်း ထွက်ရှိလာသည်။

စာအုပ်တွင် အသက်မကြီးသေးပေါင်ရှင်ရယ်၊ အကြံတူနောက်လူသာစမြဲ၊ ပြောင်းလဲသွားသောကမ္ဘာကြီး၊ လွတ်လပ်ပေါ့ပါးစွာမြစ်ပီသစွာ စီးဆင်းနေသောမြစ်တစ်စင်း၊ နုပျိုမှုနှင့်အတူ ဒီနေ့ပျော်ရွှင်နိုင်ပါစေ၊ တစ်ဆစ်ချိုးပြောင်းလဲသွားသော ကျွန်မ၊ ကျွန်မအားကျရသောအမျိုးသမီးကြီး၊ အိုပယ်ဘဝကို စိုပြည်စေမည့် ကျွန်မ၊ ကျွန်မအိမ်ရှေ့ဝရန်တာကို လာလည်တတ်သည့် ဧည့်သည်လေးများအကြောင်း၊ မျက်လုံးပြူးခြင်းနှင့် မျက်စိစုံမှိတ်ခြင်းတို့ တိုက်ရိုက်အချိုးကျသည့်နေ့ စသည့် သုတ၊ ရသစာစုပေါင်း ၃၀ စုစည်းကာ ထုတ်ဝေထားသည်။ ဆရာမ၏စာစုများသည် လှံ့လဝီရိယရှိရှိ ကြိုးစားအားထုတ်လုပ်ဆောင်စေရန် ခွန်အားပေးသောစာများ၊ ရသနှင့်ထုံမွမ်းထားသည့် နှလုံးသားအာဟာရကို ဖြည့်စွမ်းပေးနိုင်သောစာများဖြစ်သည်။

စာအုပ်ကို ပန်းရဂုံစာပေ(မြ-၀၃၁၄၃) ဦးမျိုးထွန်း အမှတ်(၂၉/၁၇၅)၊ နှယ်သာကီလမ်းသွယ်(၂)၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ဖုန်း - ၀၉-၆၆၁၂၀၁၆၀၈ မှထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ထုတ်ဝေသည်။

## မောင်မောင်နှင့်တင်တင် အိမ်ထောင်ရေးဝတ္ထုတိုနှင့် ရသစာစုများ




မောင်မောင်ဝင်း ရေးသားသည့် မောင်မောင်နှင့် တင်တင် အိမ်ထောင်ရေးဝတ္ထုတိုနှင့် ရသစာစုများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ဖိုးသူတော်ကအိုအိုတောင်ဝှေးကတိုတို၊ သမက်နဲ့ယောက္ခမ၊ ရွှေမန်ကျည်းဆစ်၊ အချစ်ဦးပေမို့ မေ့ဘူးခင်ရေ၊ နားပန်းဆံ၊ အိမ်မှာနေပွဲမယ်၊ ခမည်းခမက်နဲ့သမက်၊ ရွှေစာရံဆုတောင်း၊ နန်းမထိုက်ပေမဲ့ ပန်းစိုက်ခဲ့သူပါ၊ နှစ်ချို့မယား၊ ဖိုးစွံ၊ ဝက်ဝံလေးလည်း လွမ်းနေမှာပါ၊ ခါလွန်မိုး၊ ငယ်သူမို့ တူလွန်းလို့၊ ယသောဓရာအလွမ်းလေး မလွမ်းစေချင်ပါ၊ မောင်မောင်ရေ ရှင်လေနောင်ဘဝကျရင်၊ အမွေ၊ ကျေးဇူး၊ သမုဒ္ဒရာတစ်ဖက်ကမ်းက အလွမ်းပင်လယ်၊ ပြောင်းလဲမသွားသော အချစ်ဟောင်းများ၊ မိုးလယ်မှာ ခန်းတဲ့စမ်းရေ၊ အရောင်ဆိုးခံဦးနှောက်များ၊ ဇေဒါတွေဝင့်ထည်နေဆဲပါ၊ ဓမ္မာရဲ့သောက၊ ဘောင်းဘောင်း၊ ဆိုလာဆောင်း၊ ကျောက်ခင်းသောဘဝ စိန်စီသောအသက်၊ သွေးကစကားပြောလာသည်၊ ချစ်လှပါသည်၊ ကတုံးနောက်ကတုံးပါ၊ လျောင်ကလှုပ် လှုငုတ်တုတ်၊ ကပ်ကြီးသုံးပါးခံသည် စသည့်ဝတ္ထုတိုနှင့် ရသစာစု ၃၃ ပုဒ် ပါရှိသည်။

စာအုပ်ကို အော်ကျူးမီဒီယာစာပေ၊ ဖုန်း- ၀၉-၅၁၇၆၉၃၆၊ အမှတ်(၁၂၉)၊ သခင်စံရွှေလမ်း၊ (၁၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ထုတ်ဝေသည်။

## ခေါင်းဆောင်မှုဆောင်းပါးတွဲနှင့် အခြားဆောင်းပါး၊ ကဗျာများ




ကျော်လင်းတူ ရေးသားသည့် ခေါင်းဆောင်မှု ဆောင်းပါးတွဲနှင့် အခြားဆောင်းပါး၊ ကဗျာများ စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အပိုင်း(၇)ပိုင်း ပါရှိသည်။ အပိုင်း(၁) ခေါင်းဆောင်မှု ဆောင်းပါးတွဲ၊ အပိုင်း(၂) နိုင်ငံတစ်နိုင်ငံရဲ့ အင်္ဂါလက္ခဏာများ သုံးသပ်ခြင်း ဆောင်းပါးတွဲ၊ အပိုင်း(၃) တိုင်းပြည်ပြုဆောင်းပါးများ၊ အပိုင်း(၄) သိပ္ပံရေးရာဆောင်းပါးများ၊ အပိုင်း(၅) ကိုယ်ရည်ကိုယ်သွေးတိုးတက်ရေး ဆောင်းပါးများ၊ အပိုင်း(၆) ဒဿနလမ်းပြမီးအိမ်၊ အပိုင်း(၇) ကဗျာကဏ္ဍတို့ ပါရှိသည်။

အပိုင်း(၁) ခေါင်းဆောင်မှုဆောင်းပါးတွဲ၏ ခေါင်းဆောင်မှုဆိုတာဘာလဲ၊ လုပ်ငန်းစီမံခန့်ခွဲမှုနဲ့ဘာကွာလဲ ဆောင်းပါးတွင် “ခေါင်းဆောင်ဆိုတာကိုတော့ ရာထူးအဆင့်ကြီးကြီးမားမား သတ်သတ်မှတ်မှတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိရဲ့ (သို့မဟုတ်) မိမိပါဝင်သောအဖွဲ့ရဲ့ ဘုံလိုလားချက်တစ်ရပ်ကို အကောင်အထည်ဖော်ရန် အဖွဲ့ဝင်များအပေါ် ဩဇာသက်ရောက်ပြီး မိမိဦးဆောင်မှုကို ထိုအခြားသူတို့ စိတ်လိုလက်ရလိုက်နာလုပ်ဆောင်စေနိုင်သူလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်” ဟု ဖော်ပြထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း-၀၉-၇၇၇၁၃၉၄၇၇၊ ၀၉-၇၆၀၄၆၈၁၃၈၊ အမှတ် (၂၁၉)၊ လမ်း(၄၀)လယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဇီးကုန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဇီးကုန်း စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် မန်ကျီးပင်ဆိပ်ကျေးရွာ မြေကွက်၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ဦးစွာ ဇီးကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ကျေးရွာအုပ်ချုပ်ရေးမှူးထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာသူများက သခွပ်ပင် ၁၀၀၊ ပျဉ်းမပင် ၅၀၊ မဟော်ဂနီပင် ၅၀ စုစုပေါင်းပျိုးပင် ၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**တင့်ဆွေ(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ခရိုင်အဆင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သာယာဝတီ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မကျီးကွင်းကျေးရွာအဝင်လမ်း၌ ခရိုင်အဆင့် တတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးထံသို့ ပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မန်ကျည်း၊ ကုက္ကိုလ်၊ စိန်ပန်း၊ မန်ကျည်း စသည့်အပင် ၃၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး**

☆ စာမျက်နှာ ၁၈ မှ

Pareto ပြောတဲ့ ငါးပုံတစ်ပုံတောင်မရှိပါဘူး။ လက်ချိုးရေလို့ရနိုင်ပါတယ်။ ပြောရရင်တော့ Human Resources Management ကို တာဝန်ယူတဲ့ HR သမားတွေကိုဆိုလိုတာပေါ့။ HR သမားတွေက HR ဆိုင်ရာ သဘောတရားတွေကို ဘယ်လိုနားလည်လက်ခံထားကြသလဲ၊ ဘယ်လောက်အထိ ထဲထဲဝင်ဝင် လေ့လာထားကြသလဲ၊ နားလည်ထားတဲ့သဘောတရားတွေကိုရော ဘယ်အတိုင်းအတာအထိ လက်တွေ့ကျင့်သုံးနေကြသလဲ၊ သူတို့ကိုယ်နှိုက်မှာရော လုပ်ပိုင်ခွင့်တွေဘယ်အတိုင်းအတာအထိ ရှိနေကြသလဲစသည်အားဖြင့် လူအနည်းစုလေးပဲရှိတဲ့ HR ပိုင်းကို အာရုံစိုက်နိုင်ပြီဆိုရင် သူတို့နားလည်ထားရမယ့် သဘောတရားရေးရာတွေကို ကျေညက်အောင်၊ HR ဆိုင်ရာ အတတ်ပညာ၊ အသိပညာတွေနဲ့ပြည့်စုံအောင်၊ လက်တွေ့ကျကျ ကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးမယ်ဆိုရင် ဗျူရိုကရေစီယန္တရားကြီးတစ်ခုလုံးက အရှိန်အဟုန်ကောင်းကောင်းနဲ့ ထိထိရောက်ရောက် လည်ပတ်လာနိုင်စေမှာပါ။

မြင်းပြိုင်ပွဲတစ်ပွဲဝင်တယ်။ ကိုယ့်မြင်းတွေကပွဲဝင်မလှဘဲဖြစ်နေတယ်၊ ဆုဖလားနဲ့ အကြိမ်ကြိမ်လွဲနေတယ်ဆိုရင် မြင်းကိုလဲရမှာလား၊ ဂျော်ကီကိုလဲရမှာလားဆိုတာ ပိုင်ရှင်အနေနဲ့ မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့လိုပါတယ်။ မျက်နှာပန်းလှလှ ရလဒ်မျိုးရနိုင်ဖို့အတွက်က မြင်းတွေအပေါ်မူတည်သလို ဂျော်ကီအပေါ်လည်း အတော်လေးမူတည်နေတတ်ပါတယ်။

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်နဲ့ပတ်သက်ရင် ပြောစရာတွေကတော့ အများကြီးရှိနေမှာပါ။ နက်နဲကျယ်ပြန့်လို့ဆိုပြီး သူ့ကိုချန်ထားခဲ့ဖို့လည်း ဖြစ်နိုင်မှာမဟုတ်ပါဘူး။ သူ့ကိုအာရုံစိုက်ထားနိုင်ပြီဆိုရင် အရာအာလုံးကိုအာရုံစိုက်ထားနိုင်တာနဲ့ အလားသဏ္ဌာန်တူပါတယ်။ ပြည်သူ့ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားလာစေဖို့ဆိုရင် HR ပိုင်းကို မဖြစ်မနေအာရုံစိုက်ဖို့လိုမှာဖြစ်ပါတယ်။ ဒါက နည်းနည်းနဲ့ကျဲကျဲ ဝိုင်းတဲ့သဘောဖြစ်ပြီး တကယ်လက်တွေ့ထိရောက်တဲ့ နည်းဗျူဟာတစ်ရပ်လည်း ဖြစ်ပါတယ်။

Apple၊ Microsoft၊ Amazon၊ McDonald’s၊ Walmart စတဲ့ Multi National Corporation ကြီးတွေကို တည်ထောင်ထားတဲ့သူတွေက ဝန်ထမ်းတစ်ယောက်ချင်းစီကို မျက်စိဒေါက်ထောက် ကြည့်နေနိုင်လို့ လုပ်ငန်းအောင်မြင်နေကြတာမဟုတ်ပါဘူး။ သူတို့အဖွဲ့အစည်းတွေကို လည်ပတ်မောင်းနှင်နေတဲ့ စနစ်တွေ မှန်ကန်အောင်ထိန်းထားနိုင်လို့သာ အောင်မြင်နေကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်မှန်ကန်ခိုင်မာနေလို့သာ နိုင်ငံစုံဖြန့်ကြက်ပြီး အောင်မြင်နေကြတာဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

# (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

## ပေါက်ခေါင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပေါက်ခေါင်း စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်သစ်တောဦးစီးဌာနမှ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့ ရပ်သစ်ကျေးရွာတောင်နဝင်းဆည်ပေါင်အနီး၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အရိပ်ရပင်နှင့် ပန်းအလှပင် ၅၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

လောမင်းကို (ပြန်/ဆက်)



စာအုပ်စာပေ
လှူမိတ်ဆွေ
အလိမ္မာ
စာမှာရှိ

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

## ဆရာကြည်

(၁၁-၉-၂၀၂၆ ရက်နေ့မှအဆက်)

ထိုစကားကို သူဌေးကြားသောအခါ သူ၏ အထင်လွဲမှားမှုကိုသိ၍ သူ့တွင်အပြစ်ရှိသည်။ "ငါမိုက်လေစွ မှားလေစွ"ဟု ဖြစ်လေသည်။ ထို့ကြောင့် "ဤကဲ့သို့သော သူတော်ကောင်းကို ငါပြစ်မှားမိချေသည်။ ငါ့တွင် အပြစ်ရှိသည်"ဟု ကြံတွေး၍ပူပန်လျက် နိဗ္ဗာန်ဆော်၏ခြေရင်း၌ ဝပ်၍ အကြောင်းစုံပြောပြပြီး "ငါ့ရှင် ငါ့အား သည်းခံလော"ဟု ဆိုလေသည်။

ဤသို့သောအပြုအမူတို့ကို ဘုရားရှင် မြင်သောအခါ ၎င်းတို့နှစ်ဦးအားမေးမြန်း၍ သိရှိသော် "ဒါယကာသူဌေး ကောင်းမှုမည်သည်တို့ကို အနည်းငယ်မျှတကားဟု မအောက်မေ့သင့်။ ပညာရှိတို့သည် ကောင်းမှုကိုပြုကြလျက် မိုးရေပေါက်တို့ဖြင့် ရေပြည့်လာသောအိုးကဲ့သို့ တဖြည်းဖြည်း ကောင်းမှုတို့ဖြင့် ပြည့်စေကုန်သည်သာတည်း"ဟု မိန့်တော်မူလေသည်။ ဆက်လက်၍ ကောင်းမှုအနည်းငယ်သည် ငါ့အား အကျိုးသက်ရောက်မည်မဟုတ်ဟု ကောင်းမှုကိုမထိမဲ့မြင် မပြုရာ (အထင်မသေးရာ) မိုးရေပေါက်များ ကျဖန်များက အိုးပင်ပြည့်လျှံသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသော ကောင်းမှုကိုပြုဖန်များသောအခါ ကောင်းမှုတို့သည် ပြည့်စေသည်ဟူ၍ ဂါထာဖြင့် ဟောတော်မူလေသည်။

ဤသို့သော တရားကိုနာရသော သူဌေး ဗိဠာလပါဒကသည် သောတာပန် ဖြစ်သွားလေသည်။

### ရဟန္တာဖြစ်သော သန္တတိအမတ်ကြီးအကြောင်း

ကောသလမင်းကြီးသည် အမတ်စစ်သူကြီးဖြစ်သော သန္တတိအမတ်ကြီးအား သူပုန်သကန်များ ထကြွနေသော ပစ္စန္တရစ်ရွာကို စေလွှတ်၍ တာဝန်ပေးသည်။ ၎င်းသည် တာဝန်ကျေစွာထမ်းဆောင်ခဲ့ရာ ပစ္စန္တရစ်ရွာသည် ငြိမ်းအေးသွားသည်။ အမတ်ကြီး ပြန်လာသောအခါ ကောသလမင်းကြီးသည် သန္တတိအမတ်ကြီး၏ အောင်မြင်မှုကို သဘောကျ၍ ချီးမြှင့်လိုသောကြောင့် ၎င်းအား ခုနစ်ရက်တစ်ပတ်ပြည့် စည်းစိမ်နှင့်တကွ ကချေသည်မတစ်ဦးကိုပေးသည်။ အမတ်ကြီးသည် ရရှိသော အခွင့်အရေးကို အပြည့်အသုံးချ၍ နေလေသည်။ သေရည်သေရက်များကို သောက်စားမူးယစ်ပြီး ကချေသည်မနှင့် ပျော်မြူးနေလေသည်။

ခုနစ်ရက်မြောက်သောနေ့၌ ၎င်းအမတ်ကြီးသည် တန်ဆာဆင်ထားသော ဆင်တော်ပေါ်စီး၍ ရေချိုးဆိပ်သို့သွားသော် ဆွမ်းခံကြွလာသော ဘုရားရှင်ကိုမြင်လေသော် ဦးညွှတ်ရှိခိုးလေသည်။ ထိုအခါ ဘုရားရှင်သည် ၎င်းအမတ်၏ အနာဂတ်ဖြစ်ရပ်ကို မြင်၍ အရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ ဤသန္တတိအမတ်သည် ယနေ့ပင်လျှင် တန်ဆာများဆင်ယင်လျက် ငါဘုရားထံသို့လာ၍ တစ်ဂါထာမျှ တရားနာရသဖြင့် ရဟန္တာဖြစ်ကာ ကောင်းကင်၌နေလျက် ပရိနိဗ္ဗာန်ပြုလတ္တံ့"ဟု မိန့်ကြားတော်မူလေသည်။

သန္တတိအမတ်ကြီးသည် ရေချိုးဆိပ်၌ တစ်နေ့လုံး ရေချိုးကစားနေသည်။ ထိုမှတစ်ဆင့် ဥယျာဉ်တောသို့သွား၍ သေသောက်ရာအရပ်၌ နေလေသည်။ ကချေသည်မသည် သဘင်အလယ်၌ ကပြတီးခုန်နေလေသည်။ ထိုသို့ဖြေဖျော်နေသည့် ကချေသည်မသည် ကရန်အတွက် ကိုယ့်ကိုတင့်တယ်စေရန် အစားအသောက်ကိုလျှော့၍ အနည်းငယ်သာစားသဖြင့် ထိုနေ့၌ ကပြသီဆိုနေစဉ်မှာပင် လေပူများထလျက် နှလုံးကွဲပြတ်သဖြင့် ထိုခဏ၌ပင် ၎င်းသည် ပါးစပ်၊ မျက်စိများ ပွင့်လျက်သေရှာလေသည်။ ထိုအခြင်းအရာကို အမတ်ကြီးမြင်ကာ



စိုးရိမ်သောကပူပင်မှုဖြစ်လေသည်။ ခုနစ်ရက်လုံး ပျော်ထားသော အပျော်နှင့် သေရည်တို့ ခန်းခြောက်ပျောက်ကုန်လေသည်။

၎င်းသည် ဤသို့သော သောကအပူစိုးရိမ်မှု အေးငြိမ်းစေရန် ညနေဘက်တွင် ဘုရားရှင်ထံသို့ အခြံအရံများနှင့် သွားရောက်ဖူးမြော်လေသည်။ ဘုရားရှင်ထံသို့ရောက်သောအခါ "မြတ်စွာဘုရား တပည့်တော်၏ အပူသောကကို ငြိမ်းအေးပေးစေလိုပါသည်။ ကယ်တော်မူပါဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က "အမတ်ကြီး သင်သည် သင်၏စိုးရိမ်ပူပန်ခြင်း၊ ငြိမ်းအေးစေခြင်းကို ပေးနိုင်သောသူထံသို့ရောက်နေ လေပြီ။ ဤသို့ ကချေသည်မသေခြင်းအတွက် သင်ငိုရသော ယိုစီးရသောမျက်ရည်သည် သမုဒ္ဒရာလေးစင်း၏ ရေထက်သာလွန်များပြားလှကုန်၏" ဟု မိန့်တော်မူလေသည်။ ထို့နောက် ဆက်လက်၍ ဘုရားရှင်က ဂါထာတစ်ပုဒ်ဖြင့် တရားဟောလေသည်။ ထိုတရားကိုနာကြားရသော အမတ်ကြီးသည် ရဟန္တာဖြစ်သွားလေသည်။

ထိုအမတ်ကြီးသည် သူ၏အသက်အပိုင်းအခြားအားဖြင့်ကြည့်၍ အသက်ရှင်ခွင့်မရှိတော့သဖြင့် ဘုရားရှင်အား "တပည့်တော်အား ပရိနိဗ္ဗာန်ပြုခွင့်ပေးတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း "သင်ပြုခဲ့သော သင့်ကောင်းမှုကံကို ငါ့အားဟောကြားဦးလေ့ ချစ်သား" ဟူ၍ မိန့်တော်မူလေသည်။

အမတ်ကြီးသည် ဘုရားရှင်အားရှိခိုးပြီးလျှင် ထန်းခုနစ်ဆင့်မျှ ကောင်းကင်သို့တက်၍ တင်ပျဉ်ခွေထိုင်လျက် ဝိပဿီဘုရားလက်ထက်က သူပြုခဲ့သော ကောင်းမှုကုသိုလ်ကံတို့ကို ပြန်လည်ဟောကြားပြီး ကောင်းကင်၌နေလျက်ပင် တေဇောကသိုဏ်းကို ဝင်စားနေလေသည်။ ထို့နောက် ပရိနိဗ္ဗာန်ပြုလေသည်။

၎င်း၏ ခန္ဓာကိုယ်သည် သူ့အလိုလို မီးလောင်ကျွမ်းလေသည်။ ဘုရားရှင်သည် စင်ကြယ်သော အဝတ်များဖြင့်ခံလျက် ဓာတ်တော်များကိုပြလေသည်။ ထိုဓာတ်တော်များကို သပိတ်ထဲသို့ထည့်လျက် လမ်းလေးဆုံ၌ လူများပူဇော်စေရန် စေတီတည်ထားတော်မူလေသည်။

### သာမဏေရှင်ပဏ္ဍိတ ရဟန္တာဖြစ်ရန် ဘုရား၊ နတ်တို့က မစခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါတွင် အရှင်သာရိပုတ္တရာသည် ခုနစ်နှစ်အရွယ်ရှိသော ရှင်ပြုစ သာမဏေတစ်ပါးကို သူနှင့်ဆွမ်းခံကြွရာသို့ ခေါ်သွားသည်။ ၎င်းသာမဏေသည် မထေရ်၏ တပည့်ဖြစ်ပါသည်။ ၎င်း၏ဘွဲ့အမည်မှာ ရှင်ပဏ္ဍိတ ဖြစ်ပါသည်။

၎င်းသည် အရှင်သာရိပုတ္တရာ ဆွမ်းခံကြွရာ နောက်မှ လိုက်လာလေသည်။ သာမဏေသည် ခရီးအကြား(ဆွမ်းခံ)ရာ၌ မြောင်းဖြင့်ရေသွယ်၍ လယ်လုပ်နေကြသောသူများကိုမြင်လျှင် မထေရ်အား "စိတ်မရှိသောရေကို မိမိလိုရာအရပ်သို့ ပို့ဆောင်နိုင်ပါ၏လော"ဟု မေးသည်။ မထေရ်ကလည်း "ဆောင်နိုင်သည် မှန်၏" ဟု မိန့်ကြားသောအခါ သာမဏေသည် "စိတ်မရှိသောရေကို မိမိလိုရာအရပ်သို့ ဆောင်ယူလို့ရလျှင် စိတ်ရှိသောသူတို့သည်

ထိုသာမဏေသည် ရေကို မြောင်းမှ လိုရာသို့ယူဆောင်ကြသော လယ်သမားတို့ကိုလည်းကောင်း၊ မြားကို ဖြောင့်တန်းအောင်လုပ်သည့် မြားသမားကိုလည်းကောင်း၊ သစ်သားကိုလှီးဖြတ်ပြီး လှည်းဘီးစသောပစ္စည်းများကိုလုပ်သည့် လက်သမားတို့ကိုလည်းကောင်း မြင်ရသဖြင့် ဤမျှလောက်သော အာရုံတို့ကို ယူပြီးလျှင် ပညာရှိတို့သည် မိမိကိုယ်ကိုဆုံးမ၍ အရဟတ္တဖိုလ်သို့ ယူကြကုန်၏

မိမိစိတ်ကို မိမိအလိုသို့လိုက်စေ၍ ရဟန်းတရားကို အားထုတ်ရန် အဘယ်ကြောင့် မတတ်နိုင်အံ့နည်း" ဟူ၍ ဆင်ခြင်မိလေသည်။

နောက်ဆွမ်းခံဆက်သွားသောအခါ လေးသမားသည် (မြား)တံကို မီးကင်၍ မျက်စိထောင့်စွန်းဖြင့် ကြည့်လျက် ဖြောင့်မတ်အောင်ပြုသည်ကို မြင်လေသော် ရှေ့နည်းတူမေးမြန်း၍ ရှေ့နည်းတူ ဆင်ခြင်လေသည်။ နောက်ခရီးဆက်သွားကာ လက်သမားသည် သစ်သားတို့ကို ဖြတ်တောက်လှီး၍ ရွေဘော်ထိုးပြီး ဘီးစသည်တို့ ပြုလုပ်နေသည်ကို မြင်လေသော် ရှေ့နည်းမေး၍ ရှေ့နည်းတူဆင်ခြင်လေသည်။

သာမဏေသည် အရှင်သာရိပုတ္တရာအား ပန်ကြား၍ ကျောင်းသို့ပြန်သွားသည်။ ကျောင်းရောက်သောအခါ အခန်းတွင်း၌နေကာ မိမိခန္ဓာကိုယ်ကို ဉာဏ်သွင်းလျက် အတ္တသဘောတို့ကိုလည်း သုံးသပ်၍နေလေသည်။ သာမဏေ၏ ဂုဏ်ကျေးဇူးအာနုဘော်ကြောင့် သိကြားမင်းသည် နတ်မင်းကြီးလေးပါးအား ကျောင်းပတ်ဝန်းကျင်ကို စောင့်စေလျက် အသံများဆိတ်ငြိမ်အောင် ဆောင်ထားလေသည်။ နေနတ်သားနှင့် လနတ်သားတို့ကိုလည်း နေနှင့်လတို့ကို ဆွဲငင်ရပ်တန့်စေပြီး မိမိသည် တံခါးဝ၌ စောင့်ရှောက်နေလေသည်။

ဤသို့ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်စေသောကြောင့် သာမဏေသည် မတုန်လှုပ်ဘဲ တည်ကြည်သောစိတ်ဖြင့် ခန္ဓာကိုယ်အတ္တသဘောကို ဆင်ခြင်လေသည်။ သို့ဖြင့် ဝိပဿနာအလုပ် အားထုတ်သောကြောင့် ဆွမ်းစားချိန်မတိုင်မီ သာမဏေသည် အနာဂါမ်အဖြစ်သို့ ရောက်လေသည်။ အရှင်သာရိပုတ္တရာသည် ဒါယကာတစ်ဦးအိမ်၌ ဆွမ်းဘုဉ်းပေးပြီး ယင်းဒါယကာ လှူလိုက်သောဆွမ်းကို သာမဏေအတွက် ယူဆောင်လာလေသည်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ သာမဏေသည် တရားအားထုတ်၍ အနာဂါမ်ဖိုလ်သို့ ရောက်နေသည်ဖြစ်၍ ဆက်အားထုတ်လျှင် ရဟန္တာအဖြစ်သို့ ဆက်လက်ရောက်မည်ဖြစ်ကြောင်း သိမြင်တော်မူသဖြင့် သာမဏေ ဆက်လက်အားထုတ်ရာ၌ အနှောင့်အယှက်မဖြစ်စေရန်အတွက် အရှင်သာရိပုတ္တရာမရောက်မီ တံခါးပေါက်ဝ၌ နေတော်မူသည်။

နောက် အရှင်သာရိပုတ္တရာ ရောက်လာသောအခါ ဘုရားရှင်က ပြဿနာလေးပါးကိုမေး၍နေခိုင်းတော်မူလေသည်။ ထိုပြဿနာလေးရပ်ကို ဖြေကြားပြီးသည့်ခဏ၌ပင် ပဏ္ဍိတသာမဏေသည် ရဟန္တာဖြစ်သွားလေသည်။

ထိုအခါ ဘုရားရှင်က အရှင်သာရိပုတ္တရာအား လွှတ်လိုက်သောအခါ၌ သာမဏေထံသို့ ဆွမ်းကိုပေးလေသည်။ သာမဏေသည် ဆွမ်းစားပြီး သပိတ်ကို ဆေးကြောနေသည်။ ထိုအခါ သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးတို့သည် ကိစ္စပြီး၍ ပြန်သွားကြလေသည်။ နေနတ်သားနှင့် လနတ်သားတို့ကလည်း နေနှင့်လတို့ကို လွှတ်လိုက်လေသည်။ ထိုအခါ နေသည် မွန်းတည့်ရာမှ လျှော့ကျသွားလေသည်။

ထိုအခါ၌ ရဟန်းတို့က ပဏ္ဍိတသာမဏေသည် နေ့လွှဲချိန်၌ ဆွမ်းစားသည်ဟု စွပ်စွဲအပြစ်တင်ကြလေသည်။ ထိုကဲ့သို့ အပြစ်တင်ကဲ့ရဲ့ကြသော ရဟန်းတို့အား ဘုရားရှင်က "ဘုန်းကံရှိသူ တရားအားထုတ်သောအခါ နေနတ်သားနှင့် လနတ်သားတို့က နေနှင့်လကို ဆွဲငင်ထား၍ သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးကလည်း ကျောင်းနှင့်ပတ်ဝန်းကျင်တစ်ခုလုံးကို စောင့်ရှောက်ထားကြ၏။ ငါဘုရားသည် အရှင်သာရိပုတ္တရာ ပြန်လာသော် လေးပါးသောပြဿနာကို မေးမြန်းခြင်းဖြင့် သာမဏေ တရားအားထုတ်သည်ကို မနှောင့်ယှက်စေရန် ဆိုင်းငံ့၍ တံခါးဝ၌ စောင့်ရှောက်စေခဲ့သည်။

ထိုသာမဏေသည် ရေကို မြောင်းမှ လိုရာသို့ ယူဆောင်ကြသော လယ်သမားတို့ကိုလည်းကောင်း၊ မြားကို ဖြောင့်တန်းအောင်လုပ်သည့် မြားသမားကိုလည်းကောင်း၊ သစ်သားကို လှီးဖြတ် ပြီး လှည်းဘီးစသောပစ္စည်းများကိုလုပ်သည့် လက်သမားတို့ကိုလည်းကောင်း မြင်ရသဖြင့် ဤမျှလောက်သော အာရုံတို့ကိုယူပြီးလျှင် ပညာရှိတို့ သည် မိမိကိုယ်ကို ဆုံးမ၍ အရဟတ္တဖိုလ်သို့ ယူကြကုန်၏ဟူ၍ မိန့်တော်မူသည်။

ထို့နောက် လယ်သမားတို့ ရေကို မိမိတို့လိုရာဆောင်ကြ၏။ မြားသမားတို့သည် မြားကိုဖြောင့်တန်းအောင်လုပ်ကြ၏။ လက်သမားတို့သည် သစ်သားတုံးကို လိုရာသို့ ပုံလေးရအောင် ပြုလုပ်ကြ၏။ ပညာရှိသည် မိမိကိုယ်ကို မဂ်ဖိုလ်ရအောင် ဆုံးမကြရ၏ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူပါသည်။ (ဆက်လက်ဖော်ပြပါမည်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင် ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -**

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




# ရန်ကုန်မြို့၌ ကမ္ဘာ့ဆောင်းခိုငှက်များနေ့ (၂၀၂၆)အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ကမ္ဘာ့ဆောင်းခိုငှက်များနေ့(၂၀၂၆)အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၂)လမ်းထောင့်ရှိ အမျိုးသားစာကြည့်တိုက် မြေညီခန်းမ၌ အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲအတွင်း ငှက်ဓာတ်ပုံ၊ ငှက်ထိန်းသိမ်းရေးအသိပညာပေး ဓာတ်ပုံ၊ ဗီဒီယို၊ ပိုစတာပြကွက်များ ခင်းကျင်းပြသခြင်း၊ ငှက်ထိန်းသိမ်းရေးအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်း၊ ငှက်ထိန်းသိမ်းရေး ဉာဏ်စမ်းအမေးအဖြေများနှင့် ဆုပေးခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

### ဆွေးနွေးမည်

ထို့ပြင် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ နောက်ခံသမိုင်းကြောင်း၊ ဆောင်းခိုငှက်များ၏ ပျံသန်းလမ်းကြောင်းများ၊ မြန်မာနိုင်ငံတွင် လာရောက်ကျက်စားသည့် ဆောင်းခို ကုန်းငှက်/ရေငှက်များ အကြောင်းနှင့် ထိန်းသိမ်းရေးဆိုင်ရာဗဟုသုတများ ဟောပြောခြင်းနှင့် အမေးအဖြေ စကားဝိုင်းအစီအစဉ်များကို ငှက်နှင့် သဘာဝထိန်းသိမ်းရေး ပညာရှင်များဖြစ်ကြသည့် ဒေါက်တာသိန်းအောင်၊ ဦးသက်ဇော်နိုင်၊ ဒေါက်တာသီရိဒေဝီအောင်တို့က ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

နှစ်ရက်ကြာကျင်းပမည့် အဆိုပါ ကမ္ဘာ့ဆောင်းခိုငှက်များနေ့(၂၀၂၆) အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲသို့ ငှက်နှင့် သဘာဝ အကြောင်း စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပိန်းဇလုပ် - သိန်းညွန့်



# ရွှေပြည်သာမြို့နယ်၌ ကလေးအလုပ်သမားများအတွက် ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ရွှေပြည်သာ စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားကော်မတီ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီက ကလေးအလုပ်သမားများအတွက် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားသည်။



ထောက်ပံ့ပေးအပ်ပွဲတွင်၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ရွှေပြည်သာမြို့နယ်အတွင်းရှိ လုပ်ငန်း ၄၈၃ ခုမှ စာရင်းကောက်ယူရရှိသော အသက်(၁၈)နှစ်အောက် အလုပ်လုပ်ကိုင်နေသော ကလေးငယ် ၆၁ ဦးအား တစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တံတားဦးမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေး

တံတားဦး စက်တင်ဘာ ၂၆

မန္တလေး တိုင်းဒေသကြီး တံတားဦးမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းမှ KG ကျောင်းသားကျောင်းသူ ၂၀၁၀ အား မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းတွင်း နေ့လယ်စာ အာဟာရ ကျွေးမွေးမှုကို စက်တင်ဘာ ၂၅ ရက်က တံတားဦးမြို့ အခြေခံပညာ အလယ်တန်းကျောင်းများတွင် ဆောင်ရွက်သည်။



အဆိုပါ ကျောင်းတွင်းအာဟာရ ကျွေးမွေးသည့်နေရာသို့ တံတားဦး ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် ပညာရေးဌာနမှ ဝန်ထမ်းများ၊ မြို့မအခြေခံပညာ အလယ်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများက KG တန်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခဲ့ကြသည်။

ထို့နောက် မြို့မအခြေခံပညာ အလယ်တန်းကျောင်း KG တန်းမှ ကျောင်းသားကျောင်းသူများအား အစားအစာအမျိုးအမည် ငါးမျိုးတွင် ပါဝင်သည့် အစားအစာများ ကျွေးမွေးပြီး KG ကလေးငယ်များအား သွားတိုက်ဆေး၊ သွားတိုက်တံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆိပ်ဖြူမြို့၌ မီးသတ်ဆေးဘူး ကိုင်တွယ်ငြိမ်းသတ် သရုပ်ပြသ

ဆိပ်ဖြူ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းတွင် မီးဘေးလုံခြုံရေးအတွက် မီးဘေးအသိပညာပေး သင်တန်းပေးခြင်း၊ မီးသတ်ဆေးဘူး ကိုင်တွယ်ငြိမ်းသတ်သရုပ်ပြသခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးက မီးကိုအသုံးပြုရာတွင် လိုက်နာရမည့်အချက်နှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများနှင့် မီးငြိမ်းသတ်နည်းများကို သင်တန်းပေး ဟောပြောခဲ့သည်။



ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးငြိမ်းသတ်ပုံများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှေ့၌ တက်ရောက်လာသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများအား လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုမိုး

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# "မျှစ်" သို့မဟုတ် "သဘာဝ၏ အာဟာရသိုက်"

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ ခုနှစ် ၊ မေလ)

၁

## "သဘာဝ၏အာဟာရသိုက်"



"မျှစ်"တွင် ကယ်လိုရီနှင့် အဆီဓာတ် အလွန်နည်းပါးစွာပါဝင်ပြီး ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် (ပရိုတိန်းဓာတ်) များ ပါဝင်ပါသည်။ ထို့ပြင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသော အာဟာရဆိုင်ရာ ရတနာတစ်ပါးဖြစ်ပါသည်။



၂

## "မျှစ်"၏အာဟာရတန်ဖိုးများ

လတ်ဆတ်သောမျှစ်စို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီဓာတ် (၂၀) မှ (၂၇) ကီလိုကယ်လိုရီခန့်၊
- ကစီဓာတ် (၅) ဂရမ်ခန့်၊
- အသားဓာတ် (၂.၅) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် ၁၇ မျိုးခန့်ပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့်၊
- အမျှင်ဓာတ် (၂.၅) မှ (၃.၅) ဂရမ် ခန့်တို့ ပါဝင်ပါသည်။

## "မျှစ်"တွင်ပါဝင်သောအာဟာရဓာတ်များ

- ဗီတာမင် အေ၊
- ဗီတာမင် ဘီအုပ်စု၊
- ဗီတာမင် စီ၊
- ဗီတာမင် အီး၊
- ပိုတက်စီယမ်၊
- မဂ္ဂနီစ်နှင့် ကြေးနီ၊
- ဖော့စဖရပ်စ်နှင့် မဂ္ဂနီစီယမ်ဓာတ်၊
- သံဓာတ်နှင့် ဇင့်ဓာတ်၊
- Phytosterols နှင့်
- မျှစ်ချဉ်တွင် အကျိုးပြုဘက်တီးရီးယား (Probiotics) တို့ ပါဝင်ပါသည်။

၃

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

## "မျှစ်"၏ကျန်းမာရေးအကျိုးကျေးဇူးများ

မျှစ်တွင် ပါဝင်သည့် -

- အမျှင်ဓာတ်သည် အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှကာကွယ် ပေးပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- ဗီတာမင်အေနှင့် ဗီတာမင်စီသည် ကိုယ်ခံအားစနစ်အတွက် ကောင်းမွန်စေပါသည်၊
- ဗီတာမင်ဘီအုပ်စုသည် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကိုအထူး အားပေးပါသည်၊
- ဗီတာမင်အီးသည် ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းအဖြစ် ဆောင်ရွက်ပေးပါသည်၊
- ပိုတက်စီယမ်သည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- မဂ္ဂနီစ်နှင့် ကြေးနီသည် အရိုးအဆစ်ကျန်းမာရေးနှင့် သွေးနီဥ ဖြစ်ပေါ်မှုကို ကူညီပေးပါသည်၊
- ဖော့စဖရပ်နှင့် မဂ္ဂနီစီယမ်သည် ကြွက်သားနှင့် အာရုံကြောလုပ်ငန်းများကို ထောက်ပံ့ပေးပါသည်၊
- သံဓာတ်နှင့် ဇင့်ဓာတ်များသည် ကိုယ်ခံအားနှင့် သွေးအားကောင်းစေပါသည်၊
- Phytosterols သည် ခန္ဓာကိုယ်အတွင်း မကောင်းသော သွေးတွင်းအဆီဓာတ်စုပ်ယူမှုကို လျှော့ချပေးပါသည်၊
- မျှစ်ချဉ်တွင်ပါဝင်သော အကျိုးပြုဘက်တီးရီးယား (Probiotics) သည် အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အကျိုးပြုပြီး အစာကြေညက်မှုကို အားပေးပါသည်။

၄

## "မျှစ်"၏စားသုံးနိုင်မှုပုံစံများ

- မျှစ်ကို မျှစ်စို၊ မျှစ်ခြောက်နှင့် မျှစ်ချဉ်ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စားသုံးနိုင်ပါသည်။
- မျှစ်ခြောက်ဖြစ်စေ၊ မျှစ်ချဉ်ဖြစ်စေ မချက်ပြုတ်ခင် ရေနွေးနှင့် စိမ်ထားခြင်း သို့မဟုတ် ပြုတ်ခြင်းပြုလုပ်ပါက မျှစ်တွင်ပါဝင်နိုင်သည့် ဓာတုဆေးအကြွင်း အကျန်များကို လျော့နည်းစေနိုင်ပြီး နူးညံ့၍ အရသာပိုမိုကောင်းမွန်စေနိုင်ပါသည်။
- လတ်ဆတ်နူးညံ့ပြီး အရောင်မပြောင်းသေးသည့် မျှစ်စိုကို ဦးစားပေး၍ ရွေးချယ်ချက်ပြုတ်စားသောက်သင့်ပါသည်။



မျှစ်စို



မျှစ်ခြောက်



မျှစ်ချဉ်

၅

## သတိပြုရမည့်အချက်များ

မျှစ်ကို သတိပြု၍ စားသုံးသင့်သူများမှာ -

- အဆစ်အမြစ်ကိုက်ခဲတတ်သူများ၊
- ဂေါက်ရောဂါရှိသူများ၊
- ယူရစ်အက်ဆစ်များသူများ၊
- ကျောက်ကပ်ရောဂါရှိသူများ တို့ဖြစ်ပါသည်။

**မျှစ်ကို အချဉ်ဖောက်စဉ် ယင်နားခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုမိခြင်း၊ ဈေးကွက်ထဲရှိ အချို့သော မျှစ်ချဉ်များတွင် အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများ ပါဝင်နိုင်ခြင်းတို့ကြောင့် မျှစ်ကို စင်ကြယ်သည်အထိ သေချာစွာ ဆေးကြော၍ စနစ်တကျချက်ပြုတ်စားသုံးသင့်ပါသည်။**

၆

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။




(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးနှင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များက သွေးလှူဒါန်းကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးတို့က ကြည့်ရှုအားပေးစဉ်။

ဘာမီသာ(ပခုက္ကူ)

## ကြို့ပင်ကောက်မြို့၌ ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကြို့ပင်ကောက် စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ် အားကစားကွင်းဘေးနှစ်ဖက်ရှိ မင်းရဲကျော်စွာလမ်းနှင့် ဗညားဒလလမ်း လမ်းဘေးဝဲယာ၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုးခဲ့**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ပျဉ်းမ ၆၀၊ မဟော်ဂနီ ၄၀၊ ပိတောက် ၃၀၊ ပျဉ်းကတိုး ၄၀၊ ခရေ ၃၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



ဇေယျာထွန်း(ကြို့ပင်ကောက်)

## ပေါင်းတည်မြို့နယ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါင်းတည် စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် သပြေကြီးစုကျေးရွာအုပ်စု၌ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပခဲ့ရာ မြို့နယ်သစ်တောဦးစီးဌာနက ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအသင်းအဖွဲ့များနှင့်ကျေးလက်ပြည်သူများက ပိတောက်ပင် ၂၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၈၀၊ ရေတမာပင် ၅၀ နှင့် ကံ့ကော်ပင်၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လှည်းကူးမြို့နယ်၌ ပိုးသတ်ဆေးဆိုင်ရာနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

လှည်းကူး စက်တင်ဘာ ၂၆

လှည်းကူးမြို့နယ်၌ ပိုးသတ်ဆေးဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်က လှည်းကူးမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန အင်းစိန်ခရိုင် ဦးစီးမှူးက အမှာစကား ပြောကြားသည်။

လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပိုးသတ်ဆေးအရောင်းဆိုင် တာဝန်ရှိသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**



### ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

### “အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် တည်ထောင်ဖွင့်လှစ်ထားသော MIBA College မှ မန်နေဂျင်း ဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

MIBA College သည် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ College လိုင်စင်ရရှိထားပြီး ပြည်ပမှ ပညာရေးအဖွဲ့အစည်းများနှင့် တရားဝင် ပဋိညာဉ်ချုပ်ဆိုထားကြောင်းကို မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီး ဂုဏ်သိက္ခာရှိစွာဖြင့် ပညာရေး ဆောင်ရွက်ပေးသော ကျောင်းဖြစ်ပါသည်။ MIBA College သည် မိတ်ဖက်နိုင်ငံများနှင့် ပဋိညာဉ်ချုပ်ဆို၍ ပူးပေါင်းပြီး မိတ်ဖက်နိုင်ငံကျောင်းများမှ တိုက်ရိုက်ဘွဲ့၊ ဒီဂရီနှင့် တရားဝင် Academic Transcript အပြည့်အစုံ ချီးမြှင့်အပ်နှင်းခြင်းဖြစ်ပါသည်။

MIBA College သင်တန်းကျောင်း၏ ကောင်းမွန်သော ဂုဏ်သတင်းနှင့် သင်တန်းကျောင်းတွင် သင်ကြားနေသည့် ဆရာ/ဆရာမများ၊ ဌာနအသီးသီးမှ ကြီးကြပ်အုပ်ချုပ်သူ ဝန်ထမ်းများကိုသော်လည်းကောင်း၊ MIBA College သင်တန်းကျောင်းတွင် တက်ရောက်နေသော ကျောင်းသူ/ကျောင်းသားများ၏ ကောင်းမွန်သော ဂုဏ်သတင်းနှင့် သင်တန်းများ၏ အောင်မြင်မှု၊ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားများ ထိခိုက်ကျဆင်းစေရန် ရည်ရွယ်၍ Facebook, Viber, YouTube, Instagram, Messenger, Telegram, Twitter, LinkedIn, WhatsApp, WeChat, TikTok အစရှိသည့် ဆိုရှယ်မီဒီယာများ (Social Medias), Internet Web Sites, Media Platforms စသည့် လူမှုကွန်ရက် စာမျက်နှာများနှင့် Zoom, Microsoft Teams စသည့် Communication Platforms တို့တွင်လည်းကောင်း၊ (Facebook Group, Viber Group, Telegram Group, Messenger Group) အစရှိသည်ဖြင့် အုပ်စုဖွဲ့၍ သော်လည်းကောင်း၊ MIBA College နှင့် မိတ်ဖက်ကျောင်းများ ပူးပေါင်း၍ ဖွင့်လှစ်ထားသော သင်တန်းများနှင့် ပတ်သက်၍ မဟုတ်မမှန်သော သတင်းအချက်အလက်များကိုနှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ရေးသားဖော်ပြခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မှတ်တမ်းပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထပ်ဆင့် ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ပြောဆို ရေးသားရန် တိုက်တွန်းလှုံ့ဆော်ခြင်း၊ အကြံပေးခြင်း၊ ဦးစီးဦးဆောင်ပြုခြင်း အစရှိသည်တို့အား (လုံးဝ) မပြုလုပ်ကြရန်နှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို ဖော်ထုတ်၍ အချက်အလက်ရယူကာ ဥပဒေအရ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရ လည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း လိုအပ်သလို အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမြတ်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၇၀/၁၇)**
**အမှတ်(၁၅/၁)၊ ယန္တရားရိပ်သာ၊ ဘောဂဗလလမ်း၊ (င)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၃၀၈၁၅၆၆၊ ၀၉-၇၉၉၇၄၉၂၅၉**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

### “အများသိစေရန် အသိပေးကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မောင်မင်းခန့်ဘိုဘို [၁၂/ဥကတ(နိုင်)၁၉၉၇၁၁]နှင့် မသဒ္ဒါစိုးမိုး [၁၂/ဥကတ(နိုင်)၂၀၇၃၃၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများသည် လူမှုပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်းကောင်း ယနေ့အချိန်ထိ ကောင်းမွန်သည့်ဂုဏ်သတင်းများဖြင့် နေထိုင်နေကြသူများဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ ဓာတ်ပုံများကို အသုံးပြုပြီး နာမည်နှင့် ဂုဏ်သိက္ခာ ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ မသမာသောနည်းလမ်းဖြင့် Facebook၊ Messenger၊ Telegram၊ Tik Tok အစရှိသည့် Social media များတွင် အကောင့်တုများဖွင့်လှစ်ကာ ကျွန်ုပ်၏မိတ်ဆွေများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းလမ်းဖြင့်ဖြစ်စေ ဂုဏ်သိက္ခာကျဆင်းအောင် စာများပေးပို့နှောင့်ယှက်ခြင်း၊ comments များရေးသားခြင်း၊ အသရေဖျက်ခြင်း၊ မဟုတ်မမှန်ရေးသားဖြန့်ဝေခြင်းတို့ဖြင့် ဝင်ရောက်နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိသည်မှာ မည်သူဖြစ်ကြောင်း သက်သေအထောက်အထားများအရ သိရှိပြီးဖြစ်သည့်အတွက် အဆိုပါကိစ္စရပ်များအား ရပ်တန်းကရပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ပါလျက် ထပ်မံပြုလုပ်မှုများ ကျူးလွန်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်သန္တာမျိုးဦး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၉၃)**
**အမှတ် (၈၄၄)၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၄၀၃၅၄၈၇**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၄၆၅)ဟုခေါ်တွင်သော ဦးအုံးခိုင်(AA.၁၄၂၇၆၀) (၁၁၂၀/ဂ/ပ) နှစ် (၆၀)ဂရန်မူရင်းအမည်ပေါက် ပေ(၄၀x၆၀)ရှိ မြေကွက်မှတရားဝင်မခွဲစိတ်ရသေးသော(၁၀x၆၀)ပေရှိမြေကွက်မှ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင်လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ် စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်သင်းသင်းမာထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာထွန်းမှအပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သီတာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅၆

၁။ ဦးစည်သူအောင် နှင့် ဒေါ်မြ
၂။ ဒေါ်ငွေလင်း
၃။ ဒေါ်ခင်မာဇင်

**(တရားလိုများ)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၃)လမ်း၊ အမှတ်-(၄၆၈) နေ ဒေါ်မြ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **“ပဋိညာဉ်အတိုင်းမြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် ( ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့ အောင်စကြာစကျွဲဒါနဆေးရုံကြီးနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ဆေးရုံသစ်ကြီး ဆောက်လုပ်လျှက်ရှိရာ မိမိတို့၏အသက်ရှည်ရာ အနာကင်းကြောင်းကောင်းမှုဖြစ်သော ကုသိုလ်ကို ဆရာတော်နှင့်အတူပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။ ဖုန်း ၀၉-၅၁၄၇၃၈၂

## "ဒေါ်မို့မို့ [၁၂/သဃက (နိုင်) ၀၃၂၃၂]အား အကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ ရတနာမဥ္ဇူလမ်း၊ မြေကွက်အမှတ်(၂၄၃၆)၊ ဧရိယာ (၀.၀၅၅) အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်းအမည်ဖြင့် မှတ်သားတည်ရှိပြီး လူကြီးမင်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ကျွန်ုပ်၏ မိတ်ဆွေက လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်း အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်နေ့ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြားအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၀၀)**
**09-420058553, 09-799466954**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဒိုးကွင်၊ ရပ်ကွက် (၁၈)၊ ပြင်ဦးလွင်မြို့ရှောင်လမ်းနှင့် မန္တလေး-ပြင်ဦးလွင် လမ်းဆုံအနီးတွင် တည်ရှိသော Mandalay Coffee Group Co., Ltd. ကုမ္ပဏီ မှတ်ပုံတင်အမှတ်- ၁၁၄၁၉၉၈၂၆ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၆-၇-၂၀၁၅) ရက်နေ့တွင် စာချုပ်အမှတ်- ၉၄၀၃/၂၀၁၅ ဖြင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှပိုင်အဖြစ် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် အောက်ပါ "Mandalay Coffee Group" ကုန်အမှတ်တံဆိပ်အား မူပိုင်ခွင့် လက်မှတ် – TM/2026/005770 (၁၄-၈-၂၀၂၆)ဖြင့် တရားဝင်မှတ်ပုံတင်လက်မှတ် ရရှိထားပြီးလည်းဖြစ်ပါသည်-

**Reg No. TM/2026/005770 (၁၄-၈-၂၀၂၆)**

ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော ကော်ဖီစက်ရုံဖြစ်ပြီး အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် မြန်မာနိုင်ငံရှိ ကော်ဖီအရည်အသွေး ကောင်းမွန်စွာ ထွက်ရှိရာဒေသများဖြစ်သည့် ပြင်ဦးလွင်၊ ရွာငံ၊ မိုးကုတ်၊ နောင်ချိုနှင့် ဒေသအသီးသီးမှ လတ်ဆတ်သော Arabica ကော်ဖီချယ်ရီသီးများကို ဝယ်ယူ၍ အထူးတန်းနှင့် ပရီမီယမ်အဆင့်ရှိ ကော်ဖီဆံစိမ်းများကို ထုတ်လုပ်ပြီး ကမ္ဘာတစ်လွှားရှိ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ထို့အပြင် ကော်ဖီသီးမှည့်ကို အခွံခွာ၍ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ကော်ဖီသီးမှည့်ကို အခွံမခွာဘဲ သဘာဝအတိုင်း အခြောက်ခံ ထုတ်လုပ်ခြင်း၊ ကော်ဖီဆံကြိတ်ခွဲ ထုတ်လုပ်ခြင်း၊ တောင်သူများအား စိုက်ခင်းအရောက် နည်းပညာဝန်ဆောင်မှုပေးခြင်း၊ ထွက်ရှိလာသော အသီးများကို အကန့်အသတ်မရှိပြန်လည်ဝယ်ယူပေးခြင်း၊ တင်ပို့ခြင်းဝန်ဆောင်မှုများမှတစ်ဆင့် သီးနှံဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်းစသည့် ဝန်ဆောင်မှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ကုမ္ပဏီအနေဖြင့် ကော်ဖီနှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန်အတွက် အလွှာများစွာပါဝင်သော ပလတ်စတစ် Hermetic အိတ်များဖြစ်သည့် Ecotact ထုတ်ကုန်များအပြင် ဝယ်ယူသူများ၏ သတ်မှတ်ချက်များနှင့်အညီ အရည်အသွေးမြင့် Food-grade ဂုန်လျှော်အိတ်များနှင့် Hessian အိတ်များကိုလည်း ပြည်ပမှ တင်သွင်းပြီး ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်းထုတ်ကုန်များအဖြစ် Pure 100% Arabica ကော်ဖီမှုန့်များအပြင် "Favorite Coffee" အမည်အမှတ်အသားဖြင့် ပြင်ဦးလွင်ဒေသထွက် အသင့်ဖျော်ကော်ဖီများကိုလည်း ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ကုမ္ပဏီသည် အောက်ဖော်ပြပါ Nice Classification ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ စာရင်းအမျိုးအစားနံပါတ်များဖြစ်သည့် Class Number ၃၀၊ ၃၅၊ ၃၉၊ ၄၀၊ ၄၂ စသည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ "Mandalay Coffee Group" ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့် မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားတူ/ပုံစံတူပြုလုပ်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ မှီငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**Mandalay Coffee Group Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်စုဝေ**
**LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၇၄၉)**
**အမှတ် - ၃၉၀၊ ၃လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၉၆၀၀၉၀၂၊ ၀၉-၇၇၆၁၀၀၅၈၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ရန်ကုန်သစ်)၊ ညီညွတ်ရေးလမ်းရှိ မြေကွက်အမှတ် (၁၅၄/ဘီ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရန်အတွက် ဦးငွေဝင်း၏ သားနှင့်သမီးဖြစ်သော ဦးသန့်ဇော် [၁၂/ကမတ(နိုင်) ၀၀၁၀၇၂]နှင့် ဒေါ်စန္ဒာမော် [၁၂/ကမတ(နိုင်) ၀၀၁၂၃၄]တို့က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၉-၉-၂၀၂၅) ရက်နေ့က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၁၈)ဖြင့် ဦးလှတင် (ဘ) ဦးအာလီမော်ဒေါင်း [၁၂/တမန(နိုင်) ၁၃၉၀၉၄]သို့ လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးထားသူများနှင့် လက်ခံသူတို့အကြား ဆက်လက်အသုံးပြုရန် မလိုအပ်တော့သဖြင့် (၂၂-၉-၂၀၂၆) ရက်နေ့က နှစ်ဖက်သဘောတူ ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇော် [၁၂/ကမတ (နိုင်) ၀၀၁၀၇၂]**
**ဒေါ်စန္ဒာမော် [၁၂/ကမတ (နိုင်) ၀၀၁၂၃၄]**

## အများသိစေရန် ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်(လှည်းကူးမြို့နယ်)၊ စခန်းကြီးကျေးရွာအုပ်စု၊ ငြိမ်းချမ်းသာယာကွက်သစ်၊ အကွက်အမှတ် (၁၈၆၀)၊ အိမ်အမှတ် (၂၅၂)၊ (A-၅)လမ်း၊ ဧရိယာ အကျယ်အဝန်း (၆၀x၈၀)ပေရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သန္တာဝင်း (ဘ) ဦးဘိုအောင်သန်း [၁၁/ပတန(နိုင်) ၀၈၂၄၀၀]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် (ဘ) ဦးစန်းရင် [၉/နထက(နိုင်) ၁၇၇၄၅၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေကွက်နှင့်စပ်လျဉ်းပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးခိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၁၀၅)**
**ဖုန်း- ၀၉-၉၆၉၃၈၃၇၆၆**

## အများသိစေရန် ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်(လှည်းကူးမြို့နယ်)၊ စခန်းကြီးကျေးရွာအုပ်စု၊ ငြိမ်းချမ်းသာယာကွက်သစ်၊စီမံကိန်းပတ်လမ်းနှင့် (A-4)လမ်းထောင့်၊ အကွက်အမှတ်(၀၀၁)-A/B၊ ဧရိယာအကျယ်အဝန်း (၆၀x၉၀)ပေရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးခိုင် (ဘ) ဦးစန္ဒာ [၁၂/မဘန(နိုင်) ၁၂၀၉၅၇]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် (ဘ) ဦးစန်းရင် [၉/နထက(နိုင်) ၁၇၇၄၅၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေကွက်နှင့်စပ်လျဉ်းပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးခိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၁၀၅)**
**ဖုန်း- ၀၉-၉၆၉၃၈၃၇၆၆**

## အများသိစေရန်ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်(လှည်းကူးမြို့နယ်)၊ စခန်းကြီးကျေးရွာအုပ်စု၊ ငြိမ်းချမ်းသာယာကွက်သစ်၊ အကွက်အမှတ် (၁၈၄၈)၊ အိမ်အမှတ် (၃၁၃)၊ (A-၇)လမ်း၊ ဧရိယာ အကျယ်အဝန်း (၆၀x၆၀)ပေရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးလှိုင် (ဘ) ဦးစန္ဒာ [၁၂/မဘန(နိုင်) ၁၃၆၀၄၀]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် (ဘ) ဦးစန်းရင် [၉/နထက(နိုင်) ၁၇၇၄၅၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေကွက်နှင့်စပ်လျဉ်းပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးခိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၁၀၅)**
**ဖုန်း- ၀၉-၉၆၉၃၈၃၇၆၆**

## ကန့်ကွက်ကြော်ငြာချက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၂၄-က)၊ ကွင်းအမည် (ရွှေတချောင်းတောင်ကွင်း)၊ ဦးပိုင်အမှတ် (၆၉-ခ)၊ မြေမျိုးနှင့် အတန်း (အဆောက်အဦမြေ)၊ ဒေါ်လှလှကြိုင် အမည်ဖြင့် နှစ်(၃၀)၊ စက်မှု/စီးပွား မြေငှားဂရန် ရရှိထားသည့် မြေဧရိယာ (၀.၈၅)ဧကရှိ မြေနေရာအား ဟိုတယ်အဆောက်အဦမြေအဖြစ် အသုံးပြုရန်အတွက် နှစ် (၃၀)၊ စက်မှု/စီးပွား မြေငှားဂရန်(အမည်ပြောင်း) ချထားပေးပါရန် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၅)ရပ်ကွက်နေ ဦးမင်းသန်း [၁၂/ဗဟန(နိုင်) ၀၁၄၁၅၆]မှ အောက်ဖော်ပြပါ အလားလေးရပ်အတွင်း လျှောက်ထားမှု ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အရှေ့ဘက် | = | ဒေါ်ညိုလေး (ဦးပိုင်အမှတ်-၁၃) |
| (ခ) | အနောက်ဘက် | = | ရန်ကုန်-မော်လမြိုင်ကားလမ်း |
| (ဂ) | တောင်ဘက် | = | ဒေါ်မိုး (ဦးပိုင်အမှတ်-N-၆၉ ဃ) |
| (ဃ) | မြောက်ဘက် | = | ဦးမျိုးမင်းထွန်း (ဦးပိုင်အမှတ်-N-၆၉ က) |

၂။ အထက်ပါ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက စာရွက်စာတမ်းအထောက်အထားခိုင်မာစွာဖြင့်တင်ပြ၍ ယနေ့ကန့်ကွက်ကြော်ငြာစာထုတ်ပြန်ထားရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပြီး တင်ပြလာသည့် ကန့်ကွက်ချက်များအပေါ် လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျိုက်ထိုမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်းသွယ် (၂)လမ်း၊ အမှတ်(၁၃/၁၅)၊ မြေအကျယ်အဝန်း (အလျား ၄၈ပေx အနံ ၅၀ပေ)မြေကွက်ပေါ်၌ (၂)ခန်းတွဲ (၈)ထပ်ခွဲ (ခေတ်လှေကား)ပါ အဆောက်အဦအသစ် အနက်မှ (၃)လွှာ၊ (ယာ)ဘက်အခန်း၊ တိုက်ခန်းအကျယ် (အလျား ၂၃ပေx အနံ ၄၈ပေ)ရှိ တိုက်ခန်းအသစ်နှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **မူလနေထိုင်သူ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းလှ [၁၂/ဗတထ(နိုင်) ၀၁၁၉၁၂]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မူမူအောင် [၁၂/သကတ(နိုင်) ၁၇၄၁၇၄]**က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းမူရင်း၊ ဆက်စပ်စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းအသစ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရွှေရည်ဝင်း (LL.B) (စဉ်-၄၇၉၂၉)** | **ဒေါ်သန်းသန်းစိန် (LLB) (LLM) (စဉ်-၇၈၀၀)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ရုံးခန်း၊ အမှတ် (၈၃/၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၁၀၄၀)၊ တိုက်အမှတ်(၁၀၄၀)၊ (၂)ခန်းတွဲ၊ ၆-ထပ်တိုက်၏ ပထမထပ် (၂-လွှာ/ခြေရင်းခန်း)၊ တိုက်မျက်နှာမူလျှင် ညာဘက်ခြမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ဦးဟိန်းထက် [၁၂/အစန(နိုင်)၁၅၃၈၉၅]မှ အကျိုးခံစားခွင့်ရှိပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးဇော်ဦး [၅/အရတ(နိုင်)၀၇၀၇၆၂]၊ (၂) ဒေါ်ရီရီနိုင် [၁၂/ကတန(နိုင်) ၁၁၁၂၈၇]တို့မှ ဘဏ်ချိတ်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဦးနှင့် ဒေါ်ရီရီနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းအားကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း(၂)လမ်း၊ အမှတ် (၁၅၉)ဟုခေါ်တွင်သည့် (၂)ဧကပတ်လည်ရှိ မြေကွက်ကြီး၏အလယ်ဗဟိုရှိ (၄၀x၁၀၀)ပေအကျယ် မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ (၁)လုံး၊ မြေကွက်ကြီး၏ တောင်ဘက်အခြမ်းရှိ အထက်ပါ နေအိမ်နှင့် တစ်ဆက်တစ်ဆက်တည်းရှိ (၅၀x၈၀)ပေအကျယ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် စိုက်ပျိုးထားသော သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဖခင် ဦးအောင်သန်း [၁၂/မဘန(နိုင်) ၁၂၉၃၇၀]က အငယ်ဆုံးသမီးဖြစ်သူ ဒေါ်သင်းသင်းဌွေး [၁၂/မဘန(နိုင်) ၁၁၄၆၂၄]အား (၂၅-၉-၂၀၂၆)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် အပိုင်ပေးကမ်းထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဌွေး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၄၄၈၀၀၈၇၁၆**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၃၃)၊ မြေဧရိယာ (၀.၀၆၀)ဧကရှိ မြေသည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရှိ ၁(က)စာရင်းတွင် ဒေါက်တာ ကျော်လွင်၊ ဒေါ်ကြွေအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက်သူ ဒေါက်တာကျော်လွင်၊ ဒေါ်ကြွေတို့ ကွယ်လွန်ပြီးနောက် ကျန်ရစ်သူ သားသမီးများဖြစ်သည့် ဒေါ်စောခင် ပါ (၅)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို မော်လမြိုင်မြို့နယ်တရားရုံးတွင်ကျမ်းကျိန်လွှာအမှတ် (၅၅၃/၂၀၂၅)အရ ကျမ်းကျိန်ဆို၍ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ် (၅၅၄/၂၀၂၅)မှတ်ပုံတင်ချုပ်ဆို၍ ပိုင်ဆိုင်ခဲ့ပြီး အိမ်နှင့်မြေကွက် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ်(၁၂၉/၂၀၂၆)အရ ဒေါ်စောခင် ပါ (၅)ဦးတို့မှ ဦးမင်းလွင်မိုးနှင့် ဒေါ်နွဲ့မာလာတို့အား တရားဝင်ရောင်းချပေးခဲ့ပြီးဖြစ်သောကြောင့် ဦးမင်းလွင်မိုးနှင့် ဒေါ်နွဲ့မာလာတို့မှ ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် ၎င်းတို့၏လျှောက်ထားမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးမင်းလွင်မိုးနှင့် ဒေါ်နွဲ့မာလာတို့မှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ်- ၁၃၆၄၊ မြေကွက်တည် နေရာအမှတ်- ၁၃၆၄၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒုတိယဗိုလ်မှူးကြီး အောင်ကြည် [၁၄/ပသန(နိုင်) ၀၀၇၅၂၁]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးအောင်ကြည်သည် (၉-၄-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်စိုးစိုးမင်း(ခ)ခင်စိုးမြင့် [၁၄/ပသန(နိုင်) ၀၀၇၅၂၂]မှ တရားဝင်တစ်ဦးတည်းသော (ဇနီး) တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ်အုတ်ညှပ်တိုက် တစ်လုံးရှိ ရေသန့်လုပ်ငန်းလုပ်ကိုင်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်စိုးစိုးမင်း(ခ) ခင်စိုးမြင့်မှ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇)
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၉

**ကွယ်လွန်သူ မစောခင်၊ မလှရင်၊ မအေးကြွယ်၊ ဦးအောင်မျိုး၊ ဦးအောင်သိန်း၊ မကြည်၊ မသိန်းမေတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်- ၈၀ နေ ဒေါ်စန်းကြည်၊ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ (၁၃)လမ်း၊ အမှတ်- ၉၇၅ နေ ဒေါ်စန်းစန်းဌွေး၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ရင်ရင်အေး၊ ဦးမြင့်ဦး၊ ဒေါ်အေးအေးသွယ်၊ ဒေါ်တင့်တင့်မာ၊ ဒေါ်သင်းသင်းမာတို့က **ကွယ်လွန်သူ မစောခင်၊ မလှရင်၊ မအေးကြွယ်၊ ဦးအောင်မျိုး၊ ဦးအောင်သိန်း၊ မကြည်၊ မသိန်းမေတို့၏** ကျန်ရစ်သောပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက် အမှတ်- ၄၉၊ ဧရိယာ (၀.၂၅၈)ဧကရှိ မြေကွက်အပေါ်၌ ဂရန်သက်တမ်းတိုးခြင်း၊ ဂရန်အမည်ပေါက်ပြောင်းလဲခြင်း၊ မြေပုံကူးခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ- ၃၀၇ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ **မစောခင်၊ မလှရင်၊ မအေးကြွယ်၊ ဦးအောင်မျိုး၊ ဦးအောင်သိန်း၊ မကြည်၊ မသိန်းမေတို့၏** ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)နေ့၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ- ၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်စန်းကြည်၊ ဒေါ်စန်းစန်းဌွေး၊ ဦးဝင်းမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ရင်ရင်အေး၊ ဦးမြင့်ဦး၊ ဒေါ်အေးအေးသွယ်၊ ဒေါ်တင့်တင့်မာ၊ ဒေါ်သင်းသင်းမာတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသိဂီ)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ကမာရွတ်ခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်ခဲ့သည့် အလုပ်သမားများ အနက်အလုပ်လုပ်ကိုင်မှုသက်တမ်း ၄ နှစ်ပြည့်မြောက်ပြီးသည့် အလုပ်သမားများကို ထိုင်းနိုင်ငံတွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေး အတွက် MoU U–turn စခန်း ၂ ခုအား ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်သွားရန် လုပ်ငန်းအထောက်အကူပြုအဖွဲ့ (Service Provider) ခေါ်ယူသွားမည်ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်လိုသော စိတ်ပါဝင်စားသူများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် –

(က) တင်ဒါပုံစံရောင်းချမည့်ရက် – ၂၈–၉–၂၀၂၆ ရက်နေ့မှ ၂–၁၀–၂၀၂၆ရက်နေ့ထိ

(ခ) တင်ဒါတင်သွင်းရမည့်ရက် – ၅–၁၀–၂၀၂၆ ရက်နေ့မှ ၉–၁၀– ၂၀၂၆ ရက်နေ့ထိ

၂။ လျှောက်လွှာပုံစံများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ (ရုံးအမှတ်–၅၁)၊ နေပြည်တော်တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်ထပ်မံသိရှိလိုပါက ရုံးအမှတ်(၅၁)၊ ဖုန်း–၀၆၇–၄၃၀၁၈၄ နှင့် ၀၆၇–၄၃၀၁၈၅ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာလမ်းမကြီး၊ ရှုခင်းသာရပ်ကွက်တွင် EMERALD BAY PROJECT အား အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျွန်ုပ်တို့ YANGON GOLDEN PARAGON INVESTMENT COMPANY LIMITED မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် –

ကျွန်ုပ်တို့ကုမ္ပဏီ၏ EMERALD BAY PROJECT၊ တာဝါ–၃၊ ၈–လွှာရှိ (၃၉၈.၇၀) စတုရန်းပေအကျယ်အဝန်းရှိသည့် အခန်းအမှတ် (၈၁၈) ဟုခေါ်တွင်သော တိုက်ခန်းအား (၂)နှစ်အထူးအရစ်ကျစနစ်ဖြင့် ဝယ်ယူသူသည် လစဉ်ပေးသွင်းရမည့် ရောင်းဖိုးကျန်ငွေများအား ၂၀၂၆ ခုနှစ်၊ ဇွန်လမှစတင်၍ (၄)လဆက်တိုက် အပြည့်အဝပေးသွင်းရန် ပျက်ကွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ သတ်မှတ်ထားသည့် လစဉ်ရောင်းဖိုးကျန်ငွေများအား အပြည့်အဝ ပေးသွင်းရန်နှင့် ဆက်လက်ပျက်ကွက်ပါက စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တိုက်ခန်းဝယ်ယူသူထံ (၃) ကြိမ်တိုင်တိုင် အကြောင်းကြားစာများပေးပို့၍ အသိပေးခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါဝယ်ယူသူသည် ယနေ့အချိန်အထိ ရောင်းဖိုးကျန်ငွေများကို အပြည့်အဝ ပေးသွင်းခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းများအား လိုက်နာရန် ဆက်လက်ပျက်ကွက်လျက် ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ (၂၀–၉–၂၀၂၆) ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အထက်ပါအခန်းဝယ်ယူသူအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကာလအလိုက်ပေးသွင်းရန်ကျန်ရှိနေသော ရောင်းဖိုးငွေများအားလုံးကို အပြည့်အဝလာရောက်ပေးချေရန် နောက်ဆုံးအကြိမ် သတိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း အပြည့်အဝပေးချေခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန် ထပ်မံပျက်ကွက်နေမည်ဆိုပါက ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် စာချုပ်ပါရောင်းချသူဘက်မှ ဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း အဆိုပါအရောင်းအဝယ်ပြုသည့်အခန်းအား လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီ အပြည့်အဝ ကျင့်သုံးလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝယ်ယူသူနှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**YANGON GOLDEN PARAGON INVESTMENT COMPANY LIMITED ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ချက်အရ –**
**Mr. Yang Yuan Yuan**
**Marketing Director**
**၀၉–၇၈၃၂၆၉၅၅၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဒလမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁

**ဒေါ်ဖြူဖြူဝင်း** (တရားလို) **နှင့်** **ဒေါ်အေးဝင်း** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒိုဘီလမ်း၊ အမှတ် (၁၅၆)၊ မြေညီထပ်နေ တရားပြိုင် ဒေါ်အေးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သက်ပိုင်ဦး)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်–၁၃၊ မြေကွက်အမှတ်–၇၄၈၊ မြေကွက်တည်နေရာအမှတ်–၇၄၈၊ ဆည်မြောင်း(၄)လမ်း၊ ၁၃–ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဦးအောင်ဝင်း(TTA–037310) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးမင်းနိုင်မှ (တရားလို)ပြုလုပ်၍ အမည်ပေါက် ဦးအောင်ဝင်း အား(တရားပြိုင်)ထားကာ၊ မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၏ တရားမကြီးမှုအမှတ် (၃၆/၂၀၂၆)အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်သည့် (၂၂–၆–၂၀၂၆) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် (၆၁/၂၀၂၆)၏ (၁၄–၇–၂၀၂၆) ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရှုံး(ကိုယ်စား) အရောင်းမြေပုံကူးလျှောက်ထားရန် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၃၄]အားဘီလစ်ခန့်အပ်ထားကြောင်း (၁၄–၇–၂၀၂၆) ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် သွပ်မိုးအုတ်ညှပ်အိမ်တစ်လုံးရှိ(တရားနိုင်) ဦးမင်းနိုင် (မိသားစု)နေထိုင်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း (တရားနိုင်) ဦးမင်းနိုင်မှ လက်မှတ်ရေးထိုးတင်ပြပါသဖြင့် ဘီလစ် ဒေါ်နုနုလှိုင်က အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးသန်းမင်းထက် (ဘ) ဦးတင်လှ [၁၂/မရက(နိုင်)၁၅၃၁၁၄]နှင့် ဒေါ်သီတာလှိုင် (ဘ) ဦးမျိုးဝင်းအောင် [၁၀/မလမ(နိုင်)၁၉၈၅၇၈]တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပြီး (၁–၉–၂၀၂၆)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့အား ဝင်ရောက်နှောင့်ယှက်ခြင်း၊ စွက်ဖက်ခြင်း၊ ပတ်သက်ဆက်နွယ်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းမင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဖြိုးဝေအောင် (LL.B, DBL, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၂၀၀၄၀)**
**အမှတ် (၁၅၃၀)၊ ဇမ္ဗူဥဿျောင်လမ်း၊ မြိုင်သာယာ(၁)ရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ သန်လျင်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၉၆၉၁၆၇၁၅၇၊ ၀၉–၆၉၆၃၁၅၉၆၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့နေ ဦးနေဝ်ကိုကို [၁၂/သကတ(နိုင်)၁၆၅၄၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မနောဟရအောက်လမ်း၊ အမှတ်(၁၂၆/က)၊ အကျယ်အဝန်း(အလျား–၂၀ပေxအနံ–၆၀ပေ) ရှိ အိမ်နှင့်မြေကို (၂၅–၉–၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ဒေါ်သေးသေး နှစ်(၆၀)ဂရန်အမည်ပေါက်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း အဆိုပြုလာသူ ဦးအောင်ဇော်ဝင်း [၁၂/ဒဂဆ(နိုင်)၀၄၈၀၁၈]နှင့် ဦးအောင်ဇော်လင်း [၁၂/သကတ(နိုင်)၁၄၅၂၅၆]တို့ထံ စရန်ငွေအချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ရာ အဆိုပါအိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၁၁)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၁၀၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ လက်ယက်စမ်းကျေးရွာ၊ နယ်မြေ(၅)၊ မြယာရိုးလမ်း၊ ကွင်းအမှတ် (၆၆၄/အေ)၊ ကွင်းအမည် (ရာမနီတောင်)၊ ဦးပိုင်အမှတ်(၇၇/စ–၂)၊ ဦးစောမောင် အမည်ပေါက် (G) မြေအမျိုးအစား၊ ဧရိယာ (၀.၀၆)ဧက (အလျား၇၀x အနံ၄၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစောမောင် [၁၂/သကတ(နိုင်)၁၁၆၁၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသုမောင်မောင် [၁၀/မလမ(နိုင်)၁၆၆၆၅၈]က ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မိုးမိုးအေး(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်–၃၆၆၂၀)**
**ဇဟို(၃)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၀၆၄၇၅၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)ရှိ ဒေါ်နမ့်တင်သူဇာထွေး(ဘ) ဦးတင်လှိုင် [၁၄/ဂခမ(နိုင်)၁၆၁၇၁၁]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်၊ မြေကွက်အမှတ် (S–၀၆၀၊ S–၀၇၁)၊ ဧရိယာ(၀.၄၅၉)ဧကအား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်မြင့်မော် (ဘ) ဦးဝင်းမော်[၁၀/သထန(နိုင်)၀၀၁၁၂၁]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၄၉/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်လှိုင်ပြည့်ပြည့်သွယ် (ဘ) ဦးတင်လှိုင် [၁၀/သထန(နိုင်)၀၉၈၇၄၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် (၄၉၁)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (ပဉ္စမထပ်)၊ (၆–လွှာ)၊ (တိုက်ရှေ့မျက်နှာမူလျှင် "လက်ယာဘက်" ခေါင်းရင်းခန်း)၊ အကျယ် (၂၇' x ၅၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၅ – ၆ –၂၀၁၃ ) ရက်စွဲပါ "မြေရှင်နှင့် အဥ္စလီဖြိုးဆောက်လုပ်ရေးကုမ္ပဏီကန်ထရိုက်တာတို့ နှစ်ဦးနှစ်ဖက် အဆောက်အဦဆောက်လုပ်ရန် သဘောတူဝန်ခံကတိစာချုပ်" အရ စရန်ငွေလက်ခံသူ (မြေရှင်) ဦးထွန်းမြိုင် [၁၂/တမန(နိုင်)၀၃၃၉၀၉]ခွဲဝေအကျိုးခံစားခွင့်ရရှိသော အခန်းဖြစ်ပြီး မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအေးမင်းဇော် တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၈၇၆၅ )**
**တိုက်အမှတ် (B – 20)၊ အခန်းအမှတ် (102)၊ မြေညီထပ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ၄၂ – ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉ကေ၂(9–k2) (ဒုတိယတန်းမြေအမျိုးအစား) မြေကွက်အမှတ် (II–၈)ဟုခေါ်တွင်သော အကျယ်အဝန်း(၀.၀၆၈ဧကေ)ရှိသော နှစ်(၉၀)မြေငှားဂရန်အမျိုးအစားသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဖခင်ဦးစံတင်၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးစံတင်၊ ဒေါ်မြသီတို့၏ သားသမီးများဖြစ်ကြသော ဒေါ်စန်းစန်းလွင် [၁၂/ဗဟန (နိုင်) ၀၄၃၇၁၆]ပါ (၁၀)ဦးတို့သည် ဖခင်ဦးစံတင်အမည်ဖြင့်ကျန်ရှိသော အထက်လိပ်စာပါမြေကွက်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြသူများဖြစ်ကြပြီး အမွေဆိုင်အချင်းချင်း တစ်ကြိမ်တစ်ခါမျှ အမွေခွဲဝေခဲ့ဖူးခြင်း မရှိသေးပါ။ အဆိုပါအမွေပစ္စည်းနှင့်ပတ်သက်၍ အမွေဆိုင်များအပါအဝင် အခြားသူတစ်ဦးတစ်ယောက်က အမွေဆက်ခံသူအားလုံး၏ ခွင့်ပြုချက်အတိအလင်းတစ်စုံတစ်ရာမရရှိဘဲ အဆိုပါမြေကွက်အတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ နည်းအမျိုးမျိုးဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်စန်းစန်းလွင်**
**[၁၂/ဗဟန(နိုင်)၀၄၃၇၁၆]**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးအောင်မိုး (ကော့မှူး) (စဉ်–၈၂၃၇)**
**ဒေါ်သိမ့်သိမ့်ထွန်း (စဉ်–၁၂၆၇၆)**
**ဒေါ်ထက်ထက်အေးငြိမ်း (စဉ်–၁၈၉၄၂)**

**ရုံး–အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၄၅၅၅၁၆၂၊ ၀၉–၇၇၇၄၁၄၀၁၃၊ ၀၉–၄၅၉၀၀၀၇၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ ပုဗ္ဗသီရိအနောက်ရပ်)၊ မြေဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ် (ပ–၃၂၆၉၄)၊ ဒေါ်စိုးစိုးအောင် (ဘ) ဦးတင့်ဆွေအမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝေဖြိုးဦး [၉/လဝန(နိုင်)၁၈၆၈၄၅] (ဘ) ဦးတင်ဝင်းမှနေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၄၅/၂၀၂၂)(၁၁–၁၁–၂၀၂၂)တင်ပြ၍ ဦးဝေဖြိုးဦး [၉/လဝန(နိုင်)၁၈၆၈၄၅]၊ ဒေါ်နီနီဝင်း [၁၃/နခတ(နိုင်)၀၉၁၆၀၀] (ဘ) ဦးတင်ဝင်း၊ ဦးစံလွင်၏အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ ပုဗ္ဗသီရိအနောက်ရပ်)၊ မြေဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ပ–၃၂၆၉၆)၊ ဒေါ်ချစ်စုလှိုင်(ဘ)ဦးအောင်သန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝေဖြိုးဦး [၉/ လဝန(နိုင်)၁၈၆၈၄၅] (ဘ)ဦးတင်ဝင်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၄၇/၂၀၂၂)(၁၁–၁၁–၂၀၂၂)တင်ပြ၍ ဦးဝေဖြိုးဦး [၉/လဝန(နိုင်)၁၈၆၈၄၅]၊ ဒေါ်နီနီဝင်း [၁၃/နခတ(နိုင်)၀၉၁၆၀၀] (ဘ)ဦးတင်ဝင်း၊ ဦးစံလွင်၏အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှစွန့်လွှတ်ကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(48)၊ (138)လမ်းနေ ဒေါ်လှသန်း [၁၄/ပတန(နိုင်)၀၁၀၂၉၈]၏ သား ဦးမင်းကြည်ခိုင် [၁၂/တမန(နိုင်)၁၁၈၆၉၃] သည် မိခင်ကို ဂုဏ်သိက္ခာကျဆင်းအောင်၊ စိတ်ဆင်းရဲအောင် ပြုမူထားသဖြင့် လုံးဝခွင့်မလွှတ်နိုင်သောကြောင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မိခင်–ဒေါ်လှသန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၂၄၀)၊ (၀.၀၆၃)ဧက၊ မြေကွက်တည်နေရာအမှတ်–၂၁၊ သုခရတနာလမ်းနှင့်မာလာလမ်းထောင့်၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးအောင် (AD–၀၃၁၇၈၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင် ဖခင်ဖြစ်သူသည် (၂၈–၇–၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်တင်တင်အေးသည် (၂၀–၈–၁၉၉၆) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ဇင်မော်အောင် [၁၂/တတန (နိုင်) ၀၁၈၀၀၀] မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော သားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အခြားသားသမီးမွေးစားထားခဲ့ခြင်းလည်း မရှိပါကြောင်း၊ မိဘများနှင့်မိမိတို့သည် ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်သော်လည်း မိဘများမကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်းမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသောသမီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကတိသစ္စာပြုလွှာအမှတ်–၁၁၀၃/၂၀၂၆ (၂၇–၄–၂၀၂၆)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကတိသစ္စာပြုလွှာ(၁)စောင်နှင့် ကျမ်းကျိန်လွှာ(၁)စောင်၊ ဖခင်သေစာရင်း၊ မိခင်ဒေါ်တင်တင်အေးသည် (၂၀–၈–၁၉၉၆) ရက်နေ့တွင် ကွယ်လွန်သွားသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါ်တင်တင်အေး၏ သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း အကြောင်းပြန်ကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦမရှိ မြေကွက်လပ် ခြံကာထားပြီး ကိုယ်တိုင်မနေ လျှောက်ထားသူမှ ခြံသော့ဖွင့်ပြ၍ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ဇင်မော်အောင်၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ရှုံးထွက်ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာ့ဘောလုံး အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ် အမျိုးသမီး ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့်

**စာမျက်နှာ ၂၅ ကော်လံ ၅ သို့** ❂

## ယနေ့ ဖတ်စရာ

**အမေရိကန်-တရုတ် ထိပ်သီးဆွေးနွေးပွဲ ဝါရှင်တန်မြို့၌ ကျင်းပ** စာမျက်နှာ » ၁၃

**တော်သလင်းလပြည့်နေ့တွင် ပုဂံယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားများဖြင့် စည်ကား** စာမျက်နှာ » ၁၇

**ပြည်သူ့ဝန်ဆောင်မှု အရည်အသွေးမြင့်မားရေး** ဆောင်းပါး စာမျက်နှာ » ၁၈

**မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပွဲစဉ်များ စက်တင်ဘာ ၂၇ ရက် စတင်မည်** စာမျက်နှာ » ၂၅



# AFC Challenge League နှင့် M-League ပွဲများအတွက် ရန်ကုန်ယူနိုက်တက်အသင်း ခြေစမ်းပွဲကစား

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၂၆ – ၂၀၂၇ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲများနှင့် ၂၀၂၆ – ၂၀၂၇ ရာသီ M–League ပြိုင်ပွဲ လက်ကျန်ပွဲများအတွက် ပြင်ဆင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် စက်တင်ဘာ ၂၆ ရက်က မြန်မာလိဂ်ကလပ် ရောဝတီယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးထားရသည့် ကစားသမားများမှလွဲ၍ ကျန်ပြည်တွင်းကစားသမားများ၊ နိုင်ငံခြားသား ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ဝါရင့်တိုက်စစ်မှူး ပြည်မိုးက ၁၅၊ ၅၂ မိနစ်တွင် သွင်းယူခဲ့သည်။

**စာမျက်နှာ ၂၅ ကော်လံ ၅ သို့** ★

# FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division-2 ဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ဟောင်ကောင်၌ ကျင်းပလျက်ရှိသည့် FIFA–ASEAN Cup 2026 ပြိုင်ပွဲ Division–2 အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက်တွင် ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ပွဲအဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

Division–2 အုပ်စုဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဟောင်ကောင်အသင်းနှင့် လာအိုအသင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳



စက်တင်ဘာ ၂၆ ရက်က မြန်မာ့လက်ရွေးစင်အသင်း ဟောင်ကောင်၌ လေ့ကျင့်နေစဉ်။

# M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ရွှေ့ဆိုင်းပွဲတွင် Falcon အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ သရေကျ



Falcon အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၂၆ M–League ယူ–၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)မှ ရွှေ့ဆိုင်းထားသော Falcon အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ပွဲကို စက်တင်ဘာ ၂၆ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ တစ်ဂိုးစီ သရေကျခဲ့သည်။

ယခုပွဲမှာ မြန်မာ ယူ–၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်း၏ ဂျပန်လူငယ်ဖိတ်ခေါ်ပြိုင်ပွဲကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ●

# ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်းကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၉ ဒသမ ၄၅ တင်း ထွက်ရှိ

**ပွင့်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းမှာ တစ်ကေလျှင် ၁၉ ဒသမ ၄၅ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၇၇၅ ကေအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ✫